မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၀၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရော်ဘာကိုဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေး အထောက်အကူဖြစ် ဒေသခံပြည်သူများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များဖြန့်ဖြူး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပဉ္စမအကြိမ် မြန်မာ့ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ် ပြပွဲဖွင့်ပွဲ အခမ်း အနားတွင် ပြခန်း များကို ကြည့်ရှုအားပေးစဉ်။
(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်သို့ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ ရက်နံနက်၉နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စုရှိ မြန်မာ့ ရွှေဖြူရော်ဘာခြံသို့ရောက်ရှိကြရာ ရှေးဦးစွာ ရော်ဘာခြံပိုင်ရှင်ဒေါ်အေးအေးဝင်းက ရော်ဘာခြံစတင်စိုက်ပျိုးခဲ့မှုနှင့် ရော်ဘာစိုက်ပျိုးထားရှိမှု၊ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့် ရော်ဘာစေးထုတ်ယူရရှိမှု၊ ရော်ဘာပျိုးပင်ပေါင်းနှစ်သိန်း စုဆောင်းထားရှိပြီး ရော်ဘာဧက ၆၀၀အထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံး ပစ္စည်းများကိုတွေ့မြင်လေ့လာရမည့် ပဉ္စမအကြိမ်မြန်မာအိုင်စီတီရက်သတ္တပတ်(၂၀၀၆)ပြပွဲ

တွေ့ဆုံမေးမြန်းသူ–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာရပ်များပိုမိုဖွံ့ဖြိုးစေရန်နှင့် မျိုးဆက်သစ် လူငယ်များ အနေဖြင့် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံးပစ္စည်းများကို လက်တွေ့လေ့လာဆည်းပူးနိုင်ရန်အတွက် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ်များကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုပဉ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ် ၂၀၀၆ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မေ ၂၉ ရက်မှ စတင်ဖွင့်လှစ်ကာ သုံးရက်ကြာခင်းကျင်းပြသလျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ)ရက်သတ္တပတ်(၂၀၀၆)အထိမ်းအမှတ်ပြပွဲဖွင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပြပွဲကိုဖွင့်လှစ်ပေး

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ် ရေးနည်းပညာ(အိုင်စီတီ) ရက်သတ္တပတ်(၂၀၀၆)အထိမ်းအမှတ်ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်၊ မြန်မာအင်ဖိုတက်ကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာပညာရှင်များ၊ မြန်မာနိုင်ငံရှိ အိုင်တီကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာအင်ဖိုတက်ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်က ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရက်သတ္တပတ်(၂၀၀၆) ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၄ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

အကြမ်းဖက်အဖျက်သမားများ၏ အဖျက်လုပ်ရပ် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲချေမှုန်း

ယနေ့အချိန်အခါတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နိုင်ငံတော်က ဒီမိုကရေစီ ထွန်းကားတည့်တံ့ရေးအတွက် လိုအပ်သော အခြေခံကောင်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်ထူထောင်ပေးနေရာ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ သိသိသာသာ ဖြစ်ထွန်းလာနေသည်ကို တွေ့ရသည်။

ယင်းသို့ အခြေခံကောင်းများ ပေါ်ပေါက်လာရန်အတွက် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းရေးနှင့် ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေစေရေးတို့အတွက် နိုင်ငံတော်က နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဖော်ဆောင်ပေးနေသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ အောင်အောင်မြင်မြင် အကောင်အထည် ဖော်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေပြီး အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပလျက်ရှိသည်။

နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်နေချိန်တွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများနှင့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ဧပြီလ ၂၆ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)တွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စွမ်းဆောင်အောင်မြင်မှုများ၊ ပြည်တွင်း၊ပြည်ပ အဖျက်သမားများက နိုင်ငံရေးကိစ္စကိုဗန်းပြပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှု အပါအဝင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စား ကျူးလွန်နေခြင်းများနှင့်စပ်လျဉ်း၍ အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

ယနေ့ကာလတွင် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံတွင် တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် အရွေးချယ်ခံ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ်ပေါင်း၁၀၀၀ကျော် တက်ရောက်ဆွေးနွေးလျက် ရှိကြသော်လည်း ဒီမိုကရေစီ ထွန်းကားရေးကို လိုလားပါသည်ဆိုသော NLDႆ၊ ၎င်း၏ဩဇာခံ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့သည် အမျိုးသားညီလာခံသို့ တက်ရောက်မှုမရှိပေ။

အမျိုးသားညီလာခံ၌ ဆွေးနွေးမှုသည် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားများနှင့် နိုင်ငံရေး အနှစ်သာရရှိသည့် ဆွေးနွေးမှုဖြစ်သည့်အတွက် NLDနှင့် တွေ့ဆုံဆွေးနွေးရေးထက် ပိုမိုကျယ်ပြန့်သည်။

NLDႆသည် မှားယွင်းသည့် လုပ်ဆောင်မှုများကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေသည့်အပြင် ပြည်ပြေးအဖွဲ့များ၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားအဖွဲ့များနှင့်လည်း ဆက်စပ်ပတ်သက်နေသည့် အထောက်အထားများကို နိုင်ငံတော်အစိုးရက ရရှိထားကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ပြည်တွင်း၊ပြည်ပ အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပူးပေါင်းလက်တွဲချေမှုန်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးပေါင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေးပေါင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဦးလှဝင်း–ဒေါ်ခင်လေးကြည်တို့အား အမှူးထား၍ တိုက်(စီ) အခန်း ၀၀၂ ကန်ရိပ်မွန်အိမ်ရာ လှိုင်မြို့နယ်နေ သား မောင်ဘုန်းမြင့်အောင် (ခေတ္တ–စင်ကာပူ)၏ (၂၁) နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင်မောင်ဝင်းက လက်ခံရယူစဉ်။ (က–ပ)

ကံမြင့်ကျောင်းတိုက် တရားပွဲ

ရန်ကုန် ဧပြီ ၂၉

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ[မဟာဓမ္မာစရိယ၊M.A (Buddhism)] တရားပွဲကို မေ ၁ ရက်မှ ၃ရက်အထိ ည ၇နာရီတွင် စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၃၀–၄–၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် "ပဋိစ္စသမုပ္ပါဒ်အခြေခံ"

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မြန်မာ့ရှုခင်း
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "အဖွင့်အပိတ်" (အပိုင်း–၂)
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၅ ၄။ မျိုးချစ်တပ်မတော်
၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသ သတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၃၅)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ ကျန်းမာသုတ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ FA Cup ဘောလုံးပွဲ အစီအစဉ် Tottenham Hotspur Vs Bolton Wanderes (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ခင်ဘုဏ်း)
၇:၄၀ ပြည်တွင်းသတင်းအကျဉ်း
၇:၅၀ တေးဂီတအစီအစဉ်
၇:၅၅ The Fifth Myanmar ICT Week 2006 (သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၀၆)
၈:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀ Myanmar Video Rhythm
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ မိုးလေဝသခန့်မှန်းချက်
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ ပရိတင်းဓာတ်ကြွယ်ဝဖို့ ငါးအသားလွှာစားကြစို့
၉:၃၀ တေးဂီတအစီအစဉ်
၉:၃၅ Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ ဆန်းသစ်လှပ ရော်ဘာရွက်ပန်းအလှ
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ နိုင်ငံတကာ အနုပညာရေးရာ
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၉:၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၉:၂၅	Tottenham-Bolton	5-Sports(Live)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။(သတင်းစဉ်)

● *ကျောဖုံးမှ*

ဒေါက်တာထွန်းလွင်ကလည်းကောင်း၊ ကရင်ပြည်နယ်အတွက်**“ကိုယ်ဝန်ဆောင်မိခင်များတွင် သွေးအားနည်းရောဂါ ရှာဖွေခြင်းနှင့် ကျန်းမာရေးပညာ သိရှိမှုလေ့လာခြင်း”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးနောင်ကလည်းကောင်း၊ ချင်းပြည်နယ်အတွက် **“လုံခြုံစိတ်ချ မိခင်ဘဝ”**စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်ကျော်က လည်းကောင်း၊ စစ်ကိုင်းတိုင်းအတွက် **“ကိုယ်ဝန်ဆောင် မိခင်နှင့် မွေးပြီးမိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုရယူခြင်း အခြေအနေကိုလေ့လာခြင်း”**စာတမ်းကို ဒေါက်တာကျော်ရှိန်ကလည်းကောင်း၊ တနင်္သာရီတိုင်းအတွက် **“ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရဆိုင်ရာ သိနားလည် ခံယူဆောင်ရွက်မှုကို လေ့လာခြင်း”**စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်လှကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့) အတွက် **“ပြည်သူလူထု အခြေပြု အာဟာရစောင့်ရှောက်ရေးလုပ်ငန်း”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးအောင်ကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

တင်သွင်းသည့်စာတမ်းများအပေါ် သဘာပတိကသုံးသပ်အကြံပြု ဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တ ရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

သုံးသပ်အကြံပြုဆွေးနွေး

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ပြည်နယ်နှင့် တိုင်းများအလိုက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြရာ ပဲခူးတိုင်း (အနောက်) အတွက် **“မြို့ပြနှင့် ကျေးလက်တို့မှ အနှိုင်းမဲ့မိခင်များအား လေ့လာချက်”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာအေးငြိမ်းကလည်းကောင်း၊ မကွေးတိုင်းအတွက် **“ငှက်ဖျားရောဂါကာကွယ်ဖို့ ဆေးစိမ်ခြင်ထောင်သုံးစွဲစို့”**စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ အောင်ဝင်းကလည်းကောင်း၊ မန္တလေးတိုင်းအတွက် **“သားနှင့်မိခင် ပြိုးပျော်ရွှင် မိခင်မှ သန္ဓေသားသို့ HIV ပိုး ကူးဆက်မှု တားဆီး ကာကွယ်ရေးနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု လုပ်ငန်းများတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု”**စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းကလည်းကောင်း၊ မွန်ပြည်နယ်အတွက် **“လုံခြုံစိတ်ချ မိခင်ဘဝ”**စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်ကလည်းကောင်း၊ ရခိုင်ပြည်နယ်အတွက် **“ရခိုင်ပြည်နယ်အတွင်း အိုင်အိုဒင်းဆား ရာနှုန်းပြည့်သုံးစွဲမှု မြှင့်တင်ရေးလုပ်ငန်းတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ကြိုးပမ်းဆောင်ရွက်မှု”**စာတမ်းကို အတွင်းရေးမှူးဒေါက်တာခင်အောင်ချိုကလည်းကောင်း၊ ရန်ကုန်တိုင်းအတွက် **“မိခင်ရင်သွေး ကျန်းမာမှု လူ့ဘောင်ဘဝစဉ်လုပ လူတိုင်းပါဝင်စောင့်ရှောက်ကြ သုတေသန ဆန်းစစ်လေ့လာခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာလှမြင့်က လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် **“မျိုးဆက်သစ်များ ကြံ့ခိုင်ဖို့ မိခင်ကလေးအသင်းက ဝိုင်းဝန်းစို့”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက် **“ဖူးငုံမာန်ဝင့် လမ်းပွင့်ဝေစည် တို့ကူညီ”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ စိုင်းစံဝင်းကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် **“ပုံမှန်ကိုယ်ဝန်စောင့်ရှောက်မှုခံယူခြင်း၏ အကျိုးသက်ရောက်မှုအား လေ့လာခြင်း”** စာတမ်းကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာဇင်မာဦးကလည်းကောင်း၊ ဧရာဝတီတိုင်းအတွက် **“မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင် ဆယ်အိမ်စုမှူးတို့၏ လုပ်ငန်းစွမ်းဆောင်ချက်များကို လေ့လာခြင်း”** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဆွေဝင်းကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။တင်သွင်းသည့် စာတမ်းများအပေါ် သဘာပတိက သုံးသပ်အကြံပြုဆွေးနွေးသည်။

ထို့နောက် မွန်းလွဲပိုင်းအစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ချမှတ်အတည်ပြု

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှတင်ပြကြသည့် အစီရင်ခံစာ၊ စာတမ်းများနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြပြီး သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးမှ ဆုံးဖြတ်ချက်၊ အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်(မူကြမ်း)များကို ချမှတ်ပြီး သဘာပတိက အတည်ပြုပေးသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အတွက် “ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးပြီးမိခင်များ၏ ကျန်းမာရေး စောင့်ရှောက်မှု ရယူခြင်း အခြေအနေကို လေ့လာခြင်း” စာတမ်းကို ဒေါက်တာကျော်ရှိန် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အတွက် “သားနှင့်မိခင် ပြိုးပျော်ရွှင် မိခင်မှ သန္ဓေသားသို့ HIV ပိုး ကူးစက်မှု တားဆီး ကာကွယ်ရေးနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု လုပ်ငန်းများတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ပါဝင်ပူးပေါင်းဆောင်ရွက်မှု” စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ခင်မောင်ထွန်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် အတွက် “မနောမြေမှ ပြိုးပန်းတစ်ရာ ဝေဆာပွင့်ဖူး တို့ကြည်နူး” စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ မောင်မောင်မြင့် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွက် “ဖူးငုံမာန်ဝင့် လမ်းပွင့်ဝေစည် တို့ကူညီ”စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ စိုင်းစံဝင်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့)အတွက် “ပြည်သူလူထုအခြေပြု အာဟာရ စောင့်ရှောက်ရေး လုပ်ငန်း” စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးအောင် ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် “မျိုးဆက်သစ်များ ကြံ့ခိုင်ဖို့ မိခင်ကလေး အသင်းမှ ဝိုင်းဝန်းစို့” စာတမ်းကို အတွင်း ရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင် ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၀–၄–၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၁၅ ၇။ အရာတော်ရေလျှောင်တမံ
၈း၂၅ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraenon"
၁၁း၅၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **“သူများပြောတိုင်း တို့မယုံ”** လွင်မိုး၊ ခိုင်သင်းကြည် [ဒါရိုက်တာ–ကိုဇော်(အရုဏ်ဦး)]
၁၃း၄၅ ၆။ အကပြိုင်ပွဲ
၁၃း၅၀ ၇။ ရန်ကုန်–ကျောက်ဖြူ ကမ်းမကြီးဖွင့်ပွဲ(အပိုင်း–၂)
၁၄း၀၅ ၈။ အဆိုပြိုင်ပွဲ
၁၄း၁၅ ၉။ **“ပြေးပြေးလွှားလွှား သွားသွားလာလာ”** မောင်မောင်မြင့်၊ စိန်ဂွက်ထော် (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၄း၂၀ ၁၀။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၁။ မင်းလှရေလှောင်တမံ
၁၄း၄၅ ၁၂။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၀ ၆။ အတီးပြိုင်ပွဲ
၁၇း၁၅ ၇။ တေးဂီတအစီအစဉ်
၁၇း၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ Discovery
၁၈း၅၀ ၁၂။ တေးဂီတအစီအစဉ်
၁၉း၀၀ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကံကောင်းခြင်းအိပ်မက်”** (အပိုင်း–၁၀)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”**(အပိုင်း–၄၀)

ကိုးဘွဲ့ရဆရာတော် မွေးနေ့ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်၏ သက်တော်(၃၈)နှစ်ပြည့်မွေးနေ့ပွဲ ရဟန်း၊ ဒကာ၊ ဒကာမကိုးယောက်တို့၏ သိင်္ကန်ထပ်အလှူတော်ပွဲ၊ မိခင်ကြီးနှင့် ဆရာတော်များအားပူဇော်ပွဲ၊ဂန္ထဝါစကပဏ္ဍိတနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် နှစ်ထပ်ရပူဇော်ပွဲ၊ ကိုးဘွဲ့ရ သာသနာပြုစံကျောင်းဆောက်လုပ်ရန် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို မေ ၇ရက် နံနက် ၈နာရီမှ စတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနီး တနင်္ဂနွေထောင့်ရှိ ပေါက်တန်း ဒိတ်ကုန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး မွေးနေ့ပွဲတက်ရောက်လိုသူများသည် ဖုန်း–၀၁–၇၀၈၄၀၃ သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓဝင်ပြခန်းအတွက် အမှတ် ၇၇၀(ခ) စစ်ကိုင်းလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ဝေဝေလွင်၊ ဒေါက်တာဝါဝါလွင် မောင်နှမတစ်စုက အလှူငွေကျပ် ၁၀၅၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် စာရင်းစစ် ဦးသာဒင်တို့ထံ အလှူငွေလှူဒါန်းစဉ်။ (က–ပ)

ဂျာဗားပြည်နယ် မီရာပီမီးတောင်ကို တွေ့ရစဉ်၊ (ဓာတ်ပုံ အင်တာနက်)

မီရာပီမီးတောင်ပေါက်ကွဲမည့်အခြေအနေကြောင့် လူ ၂၀၀၀ ကျော် နေအိမ်များကိုစွန့်ခွာထွက်ပြေး

ဂျကာတာ ဧပြီ ၂၉

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အလယ်ပိုင်းရှိမီရာပီမီးတောင်ပေါက်ကွဲတော့မည့်အခြေအနေကြောင့် အာဏာပိုင်များကသတိပေးနေစဉ် ကျေးရွာနေပြည်သူ၂၀၀၀မှာဘေးလွတ်ရာသို့ ထွက်ပြေးသွားကြောင်း ဆင်ဟွာက ဖော်ပြသည်။

ယင်းကျေးရွာသားများသည် ဘေးလွတ်ရာနေရာ၌ ယာယီတဲများဖြင့် နေထိုင်လျက်ရှိကြောင်း၊ ယင်းတို့သည် အဆိုပါ မီးတောင်တောင်စောင်းရှိကျေးရွာနှစ်ရွာမှနေအိမ်များကို စွန့်ခွာပြေးလာကြသူများဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ဒေသအာဏာပိုင်များက ဆီဒိုရီဂျိုနှင့် တီဂယ်မူလ်ယိုကျေးရွာနှစ်ရွာမှ ရွာသူရွာသား ၁၉၇၂ ဦးအား ဒုက္ခသည်များအဖြစ် နေရာချထားပေးကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အကြမ်းဖက်သမား ၂၀၀ကျော် အင်ဒိုနီးရှား၌ဖမ်းဆီးနိုင်ခဲ့

ဂျကာတာ ဧပြီ ၂၉

အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သော နှစ်နှစ်ကျော်ကာလအတွင်းက အကြမ်းဖက်သမား ၂၀၀ကျော်ကို ဖမ်းဆီးနိုင်ခဲ့သောကြောင့် ကမ္ဘာတွင် အကြမ်းဖက်သမားအများဆုံး ဖမ်းဆီးထားနိုင်သည့် နိုင်ငံအဖြစ် ဦးဆောင်ခဲ့ကြောင်း ဒုတိယသမ္မတ ဂျူဆုဖ်ကယ်လ်လာက ဧပြီ ၂၄ ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံထက် အကြမ်းဖက်သမား အများဆုံး ဖမ်းဆီးနိုင်သည့် နိုင်ငံ မရှိသေးကြောင်း ၎င်း၏ရုံးခန်းတွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

အစိုးရသည် အကြမ်းဖက်သမား တိုက်ခိုက်နှိမ်နင်းရေးဥပဒေကို တင်းတင်းကျပ်ကျပ် ကျင့်သုံးခဲ့ပြီး အကြမ်းဖက်ဝါဒ တိုက်ခိုက်နှိမ်နင်းရေးတွင် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တံခါးဖွင့်ပေးထားကြောင်း ကယ်လ်လာက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အကြမ်းဖက်ဝါဒ တိုက်ခိုက်နှိမ်နင်းရေးကို အစွမ်းကုန်ဆောင်ရွက်ခဲ့သည်ဆိုသည်ကို ပြီးခဲ့သောနှစ်နှစ်ကျော်အတွင်းက အကြမ်းဖက်သမား၂၀၀ ကျော်ဖမ်းဆီးနိုင်ခြင်းက ပြဆိုလျက်ရှိကြောင်း၊ ဖမ်းဆီးမိသော အကြမ်းဖက်သမားများကို ထောင်ဒဏ်ချမှတ်ပြီး အချို့ကို သေဒဏ်အထိ ပေးခဲ့ကြောင်း ကယ်လ်လာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျော်ဂျီယာနိုင်ငံ အက်လန်တာမြို့၌ ကျင်းပမည့် သိပ္ပံ နည်းပညာဆိုင်ရာ စက်ရုပ်များပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စက်ရုပ်များအား တာဝန်ရှိသူတစ်ဦး စစ်ဆေးမှုပြုလုပ်နေသည်ကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်အား စစ်ရေးအရဆောင်ရွက်ပါက အဇာဘိုင်ဂျန်နိုင်ငံ ပါဝင်မည်မဟုတ်ဟုဆို

ဝါရှင်တန် ဧပြီ ၂၉

အီရန်နိုင်ငံအား စစ်ရေးအရ ဆောင်ရွက်လာလျှင် မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းဖြစ်၍ ပါဝင်လိမ့်မည် မဟုတ်ကြောင်း ဝါရှင်တန်သို့ သုံးရက်ကြာ အလည်အပတ် ခရီးရောက်ရှိနေသော အဇာဘိုင်ဂျန်သမ္မတ အီဟန် အလီရက်ဗ်က ဧပြီ ၂၆ ရက်၌ ပြောကြားလိုက်သည်။

အဇာဘိုင်ဂျန်အနေဖြင့် အီရန်နိုင်ငံအား မည်သည့် စစ်ရေးဆောင်ရွက်မှုမျိုးကိုမဆို ပါဝင်လိမ့်မည်မဟုတ်ကြောင်း အလီရက်ဗ်က ပြောကြားလိုက်သည်။

၎င်းသည် ဝါရှင်တန်သို့ သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသည်ဟုဆိုကြောင်း ယင်းကိစ္စတွင် အဇာဘိုင်ဂျန်အား ထင်ကြေးပေးနေမှုများ ရပ်တန့်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

အလီရက်ဗ်သည် အမေရိကန် သမ္မတနှင့်လည်း အီရန်ကိစ္စ ဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုက အီရန်နျူကလီးယားကိစ္စ ကိုင်တွယ်ဖြေရှင်းရန် စားပွဲဝိုင်းတွင် ဆွေးနွေးခြင်းမှာ အခွင့်အလမ်းမရှိတော့ဟု အခိုင်အမာ ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ခရီးဆောင်ဒီဗွီဒီပြစက်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုနီကုမ္ပဏီမှ ထုတ်လုပ်သည့် ခရီးဆောင် ဒီဗွီဒီပြစက်ကို အရောင်းဝန်ထမ်းတစ်ဦးက ဧပြီ ၂၇ ရက်က ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံမှ ပန်ဒါဝက်ဝံကြီးအား တောတွင်းသို့ပထမဆုံးအကြိမ်လွှတ်ပေး

ပေကျင်း ဧပြီ ၂၉

တရုတ်နိုင်ငံရှိ ပန်ဒါဝက်ဝံ ဇဟိုသုတေသနဌာနမှ ပန်ဒါဝက်ဝံကြီးတစ်ကောင်ကို တောကြီးတစ်ခု အတွင်းသို့ ပထမဆုံးအကြိမ် လွှတ်ပေးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။**(အပေါ်ပုံ)**

ငါးနှစ်သားအရွယ်ရှိ ပန်ဒါဝက်ဝံကြီး ဇန်ဇန်ကို စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း ဝိုလောင်းပန်ဒါသုတေသနဌာနမှ လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ဇန်ဇန်အား သွားရောက်ရာလမ်းကြောင်းတစ်လျှောက် တိုးတက်မှုအခြေအနေများကို သိရှိစေရန်အတွက် အဝေးထိန်းချုပ်ကိရိယာများ တပ်ဆင် လွှတ်ပေးလိုက်ကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်ကို ဆင်ဟွာက ဖော်ပြသည်။

ယင်းပန်ဒါဝက်ဝံကြီးမျိုးသည် ကမ္ဘာ့တွင်မျိုးတုံးပျောက်ကွယ်တော့မည့် ဘေးအန္တရာယ်နှင့် အများဆုံးရင်ဆိုင်နေရသော မျိုးစိတ်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အဆိုပါဝက်ဝံကြီးမျိုးသည် ကောင်ရေ ၁၆၀၀ သာရှိတော့ကြောင်း၊ အမဲလိုက်သတ်ဖြတ်နေခြင်းများကြောင့် မျိုးပွားမှုနှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ကာဇက်စတန်နိုင်ငံ၌ သမ္မတယာဉ်တန်းနှင့် ကန်သံတမန်ကား ယာဉ်တိုက်မှုဖြစ်ပွား

အယ်မာတီ ဧပြီ ၂၈

အမေရိကန်သံတမန် တစ်ဦး မောင်းနှင်လာသောကားသည် ကာဇက်စတန်သမ္မတ နာဆူတန်နာဇာဘာရီဗ်၏ ယာဉ်တန်းကို မတော်တဆ ဝင်ရောက်တိုက်မိခဲ့ကြောင်း အမေရိကန်မှ တာဝန်ရှိသူများက ဧပြီ ၂၅ ရက်၌ ပြောကြားသည်။

သို့သော် ရုရှားမီဒီယာက ဖော်ပြရာတွင် ၎င်းသံတမန်ကားသည် ကာဇက်စတန်သမ္မတ ကားအနီးသို့ ဝင်ရောက်တိုက်မိခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဝင်ရောက်တိုက်သော ဂျစ်ကား၌ သံတမန်ကား အမှတ်အသားများ ပါရှိနေသောကြောင့် သမ္မတ၏ လုံခြုံရေးတပ်ဖွဲ့များ ပစ်ခတ်ခြင်း မပြုလုပ်ခဲ့ကြောင်း တာ့စ် သတင်းဌာနက ထုတ်ဖော်တင်ပြခဲ့သည်။

တနင်္ဂနွေနေ့က ကာဇက်စတန်နိုင်ငံ စီးပွားရေးမြို့ရှိ ၎င်းနေထိုင်သော အဆောက်အအုံမှ ကားမောင်းထွက်လာစဉ် သမ္မတ၏ယာဉ်တန်းကို ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း အမေရိကန်သံရုံး၏ အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

ထိုအစီရင်ခံစာတွင် ရဲတပ်ဖွဲ့ဝင်များသည် ၎င်းသံတမန်၏ ရာထူးအဆင့်ကိုသိရှိရန် သံတမန်ကတ်နှင့် ကားလိုင်စင်ကို သိမ်းယူခဲ့သည်။ ထိုအချိန်တွင် ရဲတပ်ဖွဲ့က စစ်ဆေးနေခြင်းမပြီးဆုံးခင် ၎င်းသည်ကားအား မောင်းထွက်ပြေးရန် ကြိုးပမ်းခဲ့သောကြောင့် နားလည်မှုလွဲချော်ခြင်းများ ရှိခဲ့ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တောင်ပိုင်း၌ အပေါင်းပါတပ်ဖွဲ့ဝင်များ ပုံးထိမှန်သေဆုံး

ရောမ ဧပြီ ၂၉

အီရတ်တောင်ပိုင်း၌ ကင်းလှည့်လာသော စစ်ယာဉ်တစ်စီး ဧပြီ ၂၇ ရက်က လမ်းဘေးဗုံး ထိမှန်ခဲ့ရာ အီတလီတပ်ဖွဲ့ဝင်သုံးဦးနှင့် ရိုမေးနီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အီတလီ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

စတုတ္ထမြောက် အီတလီတပ်ဖွဲ့ဝင်မှာ ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း အဆိုပါစစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

ယင်းပေါက်ကွဲမှုမှာ နာဆရီယာမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ နာဆရီယာမြို့၌ အီတလီတပ်ဖွဲ့ဝင် ၂၀၀၀ကျော် အခြေစိုက်စခန်းချ၍ လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး တင်းကျပ်စွာဆောင်ရွက်ရန် ကုလသမဂ္ဂက ကမ္ဘာတစ်ဝန်းသို့ တိုက်တွန်းနှိုးဆော်

ဗီယင်နာ ဧပြီ ၂၉

လူမှောင်ခိုကုန်ကူးခြင်းကိစ္စများကို တိုက်ဖျက်ရာတွင် ကမ္ဘာတစ်ဝန်း ကြိုးပမ်းဆောင်ရွက်မှုများမှာ ထိရောက်မှု အားနည်းလျက်ရှိပြီး အစိုးရများအနေဖြင့်လည်း ယင်းကိစ္စများကို အရေးယူရန် ကိုင်တွယ်ရာတွင် ပိုမို၍တင်းကျပ်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး ယူအင်အိုဒီစီက ဧပြီ ၂၄ရက်တွင် ပြောကြားသည်။

လိင်မှုဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အတင်းအကျပ်စေခိုင်းရန်အတွက် လူမှောင်ခိုကုန်ကူးမှုကြောင့် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမျှ ထိခိုက်မှုမရှိသည်မှာ မဟုတ်ကြောင်း၊ အချို့နိုင်ငံများဆိုလျှင် အသိပညာမရှိသည်ပင်လျှင် ယင်းပြဿနာမှာ၎င်းတို့အပေါ်သက်ရောက်မှုရှိလာခဲ့ကြောင်း ကုလသမဂ္ဂပြစ်မှုဆိုင်ရာအေဂျင်စီက ပြောကြားသည်။

ပြောကြား

လူမှောင်ခိုကုန်ကူးခံရမှုများ ပေါ်ပေါက်ခဲ့သည့် ၁၂၇ နိုင်ငံမှာအဓိကအားဖြင့် အာရှနှင့်အရှေ့ဥရောပမှ ဖြစ်သကဲ့သို့ ကြားခံ ၉၈နိုင်ငံနှင့် ဥရောပနိုင်ငံများ၊ မြောက်အမေရိက၊ ပင်လယ်ကွေ့နိုင်ငံများနှင့် ဂျပန်အပါအဝင ၎င်းတို့ရည်မှန်းထားသည့် နေရာဒေသများနှင့် နိုင်ငံ ၁၃၇နိုင်ငံဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာပေါ်တွင် မှောင်ခိုကုန်ကူးမှုခံနေရသည့် လူမည်မျှရှိသည် ကို စာရင်းပြုစုရန် အလွန်တရာ ခက်ခဲသော်လည်း သန်းနှင့်ချီ၍ ရှိမည်ဆိုသည်ကမူ ယုံမှားဖွယ်ရာ မရှိကြောင်း၊ ယင်းကဲ့သို့ပင် ဒဏ်မခံရသည့် နိုင်ငံတစ်နိုင်ငံ၏ အမည်ကို ပြောကြားရန်လည်း ခက်ခဲကြောင်း၊ ယူအင်အိုဒီစီ အမှုဆောင်ညွှန်ကြားရေးမှူး အန်တိုနီယို မာရီယာကော့စတာက ပြောကြားသည်။

သတိပြု

အစိုးရများအနေဖြင့် ယင်းပြဿနာ၏ အတိုင်းအတာအကြောင်းကို နက်နက်နဲနဲ သိရှိရန်လိုအပ်ပြီး အားတက်သရော ရှင်းလင်းသုတ်သင်ရန် လိုအပ်ကြောင်း၊ လူမှောင်ခိုကုန်ကူးသည့် နိုင်ငံစုံပါဝင်သည့် ပြစ်မှုဆိုင်ရာ ဂိုဏ်းများကိုလည်း အစိုးရများက သတိပြုထားသင့်ကြောင်း မစ္စတာ ကော့စတာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ၂၀၀၆ အာရှအစားအစာနှင့် ဟိုတယ်များပြပွဲတွင် ခင်းကျင်းထားသော နာမည်ကြီး စားဖိုမှူးများ၏ စားသောက်ဖွယ်ရာ လက်ရာများကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အသက်၁၂၂နှစ်ရှိ တူရကီအဘွားအို ကမ္ဘာ့အသက်ကြီးဆုံးအမျိုးသမီးအဖြစ် အဆိုပြုထား

အန်ကာရာ ဧပြီ ၂၉

ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ရန်အတွက် အသက် (၁၂၂) နှစ်ရှိ တူရကီ အဘွားအိုတစ်ဦးက အဆိုပြုတင်ပြထားကြောင်း အန်နာတိုလီယာသတင်းဌာနမှ ဧပြီ ၂၅ရက်က ဖော်ပြခဲ့သည်။

မွေးဖွား

၎င်းအဘွားအိုသည် အရှေ့တောင်ပိုင်း ဘက်ကစ်ပြည်နယ်ရှိ အက်ဒီစီဗက်ဇ် မြို့တွင် အသက်ရှင်နေထိုင်လျက်ရှိသော ဆီဟာဘူလ်လုဆိုသူ အဘွားအိုဖြစ်သည်။ အဘွားအိုကို ၁၈၈၄ ခုနှစ်တွင် မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အာဆင်းက ပြောကြားသည်။

လေ့လာတွေ့ရှိချက်များအရ အဘွားအိုဘူလ်လုတွင် သားသမီးရှစ်ယောက်ရှိပြီး မြေး၊ မြစ်၂၅၀ရှိကြောင်း တူရကီနိုင်ငံ ဂင်းနက်စ်မှတ်တမ်းအဖွဲ့ ကိုယ်စားလှယ် ကူရယ်က ပြောကြားသည်။

စောင့်စား

ကိုယ်စားလှယ် ကူရယ်က အဘွားအိုကိုယ်စား ဂင်းနက်စ်အဖွဲ့သို့ အဘွားအိုသည် အသက်အရွယ်အကြီးဆုံးအမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ရန်အတွက် ကျွန်တော်အဆိုပြု ပေးထားခဲ့ကြောင်း ကျွန်ုပ်တို့သည် ဂင်းနက်စ်မှတ်တမ်းအဖွဲ့မှ အဖြေကို စောင့်စားနေကြောင်း ကူရယ်က ပြောကြားသည်။

မှတ်တမ်းတင်ထား

ယခုလောလောဆယ်တွင် အီကွေဒေါနိုင်ငံမှ အဘွားအိုသည်အသက် (၁၁၇)နှစ်ဖြင့် ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးအဖြစ် မှတ်တမ်းတင်ခြင်းခံထားရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နားရွက်၌ ကြိုးချည်ပြီး မီနီဘတ်စ်ကား နှစ်စီးဆွဲပြသူ

နားရွက်တွင် ကြိုးချည်ပြီး မီနီဘတ်စ်ကားနှစ်စီးကို ဆွဲပြနေသူတစ်ဦးကို တွေ့ရစဉ်။

(ယာပုံ)

ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့တွင် ဂျော်ဂျီယာနိုင်ငံသား လူငယ်တစ်ဦးက ဖို့ဒ်မီနီဘတ်စ်ကားနှစ်စီးကို သူ၏နားရွက်တွင် ကြိုးဖြင့်ချည်ပြီး ဆွဲပြခဲ့သည်။ အလေးချိန် ၄ဒသမ ၅တန်ကျော်လေးသော မီနီဘတ်စ်ကားနှစ်စီးကို ၄၁မီတာ ကျော်အကွာအထိ ရောက်အောင် ဆွဲပြခဲ့ပြီး ဂင်းနက်စ် မှတ်တမ်းဝင်အောင် ကြိုးစားခဲ့ကြောင်း သိရသည်။

(အင်တာနက်)

စားဖိုမှူးများ၏ ကောင်းကင်စားပွဲ

စားဖိုမှူးများ ကောင်းကင် စားပွဲဖြင့် အစားအစာများ စားသုံးနေစဉ်။

(ဝဲပုံ)

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ဝန်ချီစက်ဖြင့် အမြင့် ၁၆၄ ပေတွင် ချိတ်ဆွဲထားသော စားပွဲရှည်ကြီးတွင် စားဖိုမှူးများ စားသောက်ဖွယ်ရာများကို စားသုံးနေကြခြင်း ဖြစ်သည်။

(အင်တာနက်)

✻ ရှေ့ဖုံးမှ

ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာ ၂၀၀၆ (မြန်မာအိုင်စီတီရက် သတ္တပတ် ၂၀၀၆)တွင် အိုင်တီနည်းပညာသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် ပြပွဲသို့ လာရောက်သည့် အိုင်တီနည်းပညာရပ်ကို စိတ်ဝင်စားသည့် လူငယ်များအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပြခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးတင့်ဆန်းနှင့် တွေ့ဆုံမေးမြန်းရာတွင် ဦးတင့်ဆန်းက "မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် အိုင်စီတီ ရက်သတ္တပတ်များ ကျင်းပပြုလုပ်တိုင်း အိုင်တီနည်းပညာသုံးပစ္စည်းများကို ခင်းကျင်းပြသခဲ့

ပစ္စည်းများကို လက်တွေ့ကိုင်တွယ် လေ့လာစမ်းသပ်၍ရပြီး နားလည်အောင်လည်း ရှင်းပြပေးသွားမည်။

ဒေါ်နှင်းနှင်းဝါ (မန်နေဂျာ)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပါကြောင်း၊ ယခုအကြိမ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြခန်း၌ ADSLလိုင်းဖြင့် ဗီဒီယိုဖုန်း (ရုပ်မြင်သံကြားတယ်လီဖုန်း)နှင့် ADSLလိုင်းပေါ်တွင် Video Conferencing Server များ၊ ADSL လိုင်းနှင့် မြန်နှုန်းမြင့် အင်တာနက်ချိတ်ဆက်ပြသမှုများကို ခင်းကျင်းပြသထားပါကြောင်း၊ ထို့အပြင် ပြပွဲလာပြည်သူများအတွက် တယ်လီဖုန်း အခမဲ့ပြောဆိုနိုင်အောင် စီစဉ်ပေးထားပြီး နိုင်ငံခြားနှင့်အမြန် ချောပို့လုပ်ငန်း

စနစ် (EMS)ကိုလည်း ရှင်းလင်းပြသထားပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ဝန်ဆောင်မှုပေး

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြခန်းတွင် ပြည်သူတို့အား အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးနေသည်ကို လက်တွေ့ ပြသထားရာ ပြပွဲလာပြည်သူများ စိတ်ဝင်စားလျက်ရှိသလို မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း၏ နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံးပစ္စည်းများ အသုံးပြုကာ ပြည်သူတို့အား ဝန်ဆောင်မှု ပေးနေသည်ကိုလည်း သိရှိရသည်။

ထို့နောက် EPSON ပြခန်းမှ မန်နေဂျာ ဦးအောင်ကျော်မိုးနှင့် တွေ့ဆုံမေးမြန်းရာတွင်" EPSON ပြခန်းတွင် အိုင်တီနည်းပညာသုံး ပစ္စည်းအမျိုးအစားပေါင်း ၆၀ကျော် ခင်းကျင်းပြသထားပါကြောင်း၊ Prin-ter, Scanner နှင့် Copier များကိုလည်း ပြသထားပြီး အထူးခြားဆုံး အိုင်တီနည်းပညာသုံးပစ္စည်းမှာ ဘက်စုံသုံး Projectorဖြစ်ပါကြောင်း၊ ပြပွဲကာလအတွင်း အထူးဈေးနှုန်းများ သတ်မှတ်ပြီး ရောင်းချပေးသွားမည်ဖြစ်ရာ အိုင်တီနည်းပညာသုံးပစ္စည်းများကို လူတိုင်းထိတွေ့နိုင်အောင်၊ သိရှိအသုံးချတတ်နိုင်အောင် ပြခန်း၌ မည်သူမဆို လက်တွေ့စမ်းသပ်နိုင်ပါကြောင်း" ပြောကြားသွားသည်။ အိုင်တီနည်းပညာသုံးပစ္စည်းများကို လက်တွေ့အသုံးချတတ်ရန်လည်း အရေးကြီးသည်ဖြစ်ရာ EPSON ကလက်တွေ့ အကူအညီပေးမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပြခန်း၌ Video Phone သုံးစွဲမှုများကို ဝန်ထမ်းများက လက်တွေ့ပြသစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လက်တွေ့ကိုင်တွယ်လေ့လာ

တစ်ဖန် ASUS ပြခန်းမှ မန်နေဂျာ ဖြစ်သူ ဒေါ်နှင်းနှင်းဝါနှင့် တွေ့ဆုံမေးမြန်းရာတွင် "အိုင်စီတီရက်သတ္တပတ်တိုင်း ပါဝင်ပြသခဲ့ပြီး လက်ရှိပြခန်း၌ အိုင်တီပစ္စည်းပေါင်း ၆၀ခန့် ခင်းကျင်းပြသထားပါကြောင်း၊ Mortherboard များ၊ Graphic Cardများ၊Networkingနှင့်ဆက်စပ်ပစ္စည်းများ၊ ဂိမ်းသမားများအကြိုက် PC အစုံလိုက်များ၊ Asusbranded PC များနှင့် Laptop များ၊ Server နှင့်ပတ်သက်သည့် ပစ္စည်းများကို ခင်းကျင်း ပြသထားပါကြောင်း၊ ပြခန်း၌ ပစ္စည်းများကို လက်တွေ့ကိုင်တွယ်လေ့လာစမ်းသပ်၍ရပြီး နားလည်အောင်လည်း ရှင်းပြပေးသွားမည် ဖြစ်ပါကြောင်း" ပြောကြားသည်။

ထို့နောက် ပဋ္ဌမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၆ ပြပွဲကို လာရောက်လေ့လာကြည့်ရှုသူများနှင့်၎င်းတို့၏ အမြင်များကိုမေးမြန်းခဲ့ရာတွင် ပထမဦးစွာအစိုးရနည်းပညာတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသား မောင်ဘုန်းမြင့်ဝင်းကို မေးမြန်းရာ၌ "ယခုပြပွဲ၌ အိုင်တီပစ္စည်းအသစ်များစွာကို တွေ့မြင်သိရှိရပြီး လက်တွေ့လေ့လာခွင့်ရရှိပါကြောင်း၊ ပြပွဲသည် လူငယ်များအတွက် အလွန်အကျိုးရှိပါကြောင်း၊ ပုံမှန် ကျင်းပသွားနိုင်လျှင် နောက်ဆုံးပေါ်အိုင်တီနည်းပညာရပ်များနှင့် ပစ္စည်းများကို မိမိတို့လူငယ်များအချိန်နှင့်တစ်ပြေးညီ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

အမြင်စွမ်းအင်သဘာဝကိုသိရှိနိုင်ရန် အင်းဆက်မျက်လုံးအောင်မြင်စွာတီထွင်ထုတ်လုပ်

အလွန်ပါးလွှာသော ကင်မရာများ တပ်ဆင်ထားသည့် အင်းဆက်မျက်လုံးကို အမေရိကန်သိပ္ပံပညာရှင်များက အောင်မြင်စွာ တီထွင်ပြုလုပ်ထားသည်။

အဆိုပါအင်းဆက်မျက်လုံးတွင် အပ်ဖျားခေါင်းအရွယ် ဆဋ္ဌဂံပုံမှန်ဘီလူး အလုံး၈၅၀၀ကျော် တပ်ဆင်ထားသည်။

ဖော်ပြ

မျက်လုံးကို အခုံးပုံတည်ဆောက်ထားပြီး ပျားကောင်တစ်ကောင်၏ မျက်လုံးနှင့်သဏ္ဌာန်တူညီကြောင်း အမေရိကန်သိပ္ပံဂျာနယ်က ဖော်ပြသည်။

ယင်းမျက်လုံးမှ အင်းဆက်များကဲ့သို့အလင်းရောင်များလည်း လွှတ်ပေးနိုင်စွမ်းရှိကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင် ဘာကီလီကပြောကြားသည်။ ၎င်းမျက်လုံးသည် ယင်းတို့ကိုယ်တိုင်အလင်းစွမ်းအင်ကိုဖန်တီးပေးနိုင်စွမ်းရှိကြောင်းလည်း ပါမောက္ခလူကီလီက ပြောကြားသည်။

အမြင်စွမ်းအား

အင်းဆက်မျက်လုံးများသည် စုပေါင်းမျက်လုံးများဖြစ်ကြပြီး အွန်မာတီဒီယာဟုလူသိများသော သေးငယ်သော အမြင်စွမ်းအင်ရှိ မှန်ဘီလူးလေးများ ရာပေါင်းများစွာပါဝင်လေ့ရှိသည်။ ဥပမာအားဖြင့် ပုစဉ်းလိုအင်းဆက်မျိုးတွင် မျက်လုံးတိုင်းတွင်သေးငယ်သော မှန်ဘီလူး၃၀၀၀၀ပါရှိသည်ဟုဆိုသည်။

အင်းဆက်မျက်လုံးကို တီထွင်ရခြင်းသည် အနာဂတ်အမြင်စွမ်းအင် သဘောသဘာဝကို လေ့လာနိုင်ရန်ဖြစ်ကြောင်းသိရသည်။

(ကိုးကား-အင်တာနက်)



အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း နော်ဝေပင်လယ်ကြမ်းပြင်အောက်၌တွေ့ရှိ

ပထမဆုံးသော ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို နော်ဝေနိုင်ငံ၌ ကမ္ဘာ့အနက်ဆုံး ပင်လယ် ကြမ်းပြင်အောက်တွင်တွေ့ရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တွေ့ရှိ

အဆိုပါ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်သန်းပေါင်း ၁၉၅-၂၁၀ ရှိပြီး မြောက်ပင်လယ်ကြမ်းပြင်အောက် ၁၃သမ ၄ မိုင်တွင် ကမ်းလွန်ရေနံတူးစင်တစ်ခုမှ ရေနံတူးဖော်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အတည်ပြု

ယင်းဒိုင်နိုဆော သတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းအရိုးသည် ပလက်တီယိုဆောအမည်ရှိ ဒိုင်နိုဆောသတ္တဝါ၏ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း အော်စလိုတက္ကသိုလ်မှ နော်ဝေ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဂျွန်ဟာရေးဟူရွမ်က အတည်ပြုထားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း ဒိုင်နိုဆောတွေ့ရှိခြင်း၏ အသေးစိတ်ကို နော်ဝေဘူမိဗေဒဂျာနယ်တွင် ဖော်ပြထားသည်။ ယင်းသည် ပင်လယ်နက်အတွင်း ပထမဆုံးတွေ့ရသော ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း ဒေါက်တာဟူရွမ်က ပြောကြားသည်။

ယခင်ကလည်း မြောက်ပင်လယ်၌ ပင်လယ်ရေကြောင်းဆိုင်ရာ တွားသွား ကျောက်ဖြစ်ရုပ်ကြွင်းများကိုတွေ့ရကြောင်း၊ သို့သော်လည်း ယခုတွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းမှာ အလွန်တွေ့ရခဲသော ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

နောက်ဆုံးပေါ် အိုင်တီနည်းပညာနှင့်ပစ္စည်းများ လူငယ်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်မည်

❒ စာမျက်နှာ ၆ မှ

သိရှိနိုင်မည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

ပိုမိုကောင်းမွန်

တစ်ဖန် ပြပွဲကိုလာရောက်လေ့လာကြည့်ရှုသူ တစ်ဦးဖြစ်သည့် မုံရွာ တက္ကသိုလ် သတ္တဗေဒနောက်ဆုံးနှစ်ကျောင်းသား မောင်သီဟထွန်းအား မေးမြန်းခဲ့ရာတွင် “အိုင်တီပစ္စည်းများကို တစ်နေရာတည်း၌ အစုံအလင်တွေ့ရှိရသဖြင့် လေ့လာ၍ကောင်းပါကြောင်း၊ နယ်တွင်အချို့အိုင်တီပစ္စည်းများကို မတွေ့ရပါကြောင်း၊ ယခုမှ တွေ့ရှိ လေ့လာရသဖြင့် ဗဟုသုတများစွာတိုးပါကြောင်း၊ ပြပွဲများ ပုံမှန် ကျင်းပပြုလုပ်နိုင်လျှင် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံးပစ္စည်းများကို မိမိတို့ အမြဲတမ်းထိလေ့လာနိုင်မည်ဖြစ်သဖြင့် ပြပွဲများ ပုံမှန်ပြုလုပ်လျှင် ပိုမို ကောင်းမွန်ကြောင်း”ပြောကြားသည်။

ပဋ္ဌမအကြိမ် အိုင်စီတီရက်သတ္တပတ် ၂၀၀၆ပြပွဲသို့ လာရောက်လေ့လာသူ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ပထမနှစ်ကျောင်းသူ မမိုမိုလွင်ကိုမေးမြန်းရာ“ထားဝယ်မှကျောင်းလာတက်သူမို့ ယခုအိုင်တီပြပွဲမှာ မိမိအတွက် ပထမဆုံးအကြိမ်လာရောက် လေ့လာကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ မိမိသင်ယူနေသည့် ပညာရပ်နှင့် အဓိက ဆက်စပ်မှုလည်းရှိနေသဖြင့် စိတ်ဝင်စားဖို့ကောင်းပါကြောင်း၊ မိမိအနေဖြင့် အိုင်တီနည်းပညာသုံးပစ္စည်းများကို တစ်နေရာတည်း၌ စုစုစည်းစည်း လေ့လာရသဖြင့်ဗဟုသုတများစွာရရှိပါကြောင်း” မြန်မာ့အလင်းသို့ပြောကြားသွားသည်။

ကြည့်ရှုလေ့လာသင့်

ယနေ့ နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသော အိုင်တီနည်းပညာရပ်များနှင့် အိုင်တီနည်းပညာသုံးပစ္စည်းများကို တစ်နေရာတည်းအချိန်တိုအတွင်း ကြည့်ရှုလေ့လာခြင်းဖြင့် ဗဟုသုတများစွာ တိုးပွားစေမည်ဖြစ်ရာ ပဋ္ဌမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ် (၂၀၀၆) ကျင်းပလျက်ရှိသည့် တပ်မတော်ပြခန်းသို့ ပြည်သူများ သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်း ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

အိုင်တီ နည်းပညာသုံးပစ္စည်းများကို လက်တွေ့အသုံးချတတ်ရန်လည်း အရေးကြီး။
ဦးအောင်ကျော်မိုး(မန်နေဂျာ)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● **ရှေ့ဖုံးမှ**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မြန်မာအိုင်စီတီရက်သတ္တပတ်(၂၀၀၆) အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၁ ရက်အထိ ကုမ္ပဏီပေါင်း ၇၉ခုတို့က ပြခန်းပေါင်း ၁၅၀ကို ခင်းကျင်းပြသထားရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အိုင်တီပစ္စည်းများကို တစ်နေရာတည်း၌ အစုံအလင်တွေ့ရှိရသဖြင့် အလွန်ဝမ်းသာ။
မောင်သီဟထွန်း(မုံရွာတက္ကသိုလ်၊ သတ္တဗေဒနောက်ဆုံးနှစ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အိုင်တီနည်းပညာသုံးပစ္စည်းများကို တစ်နေရာတည်း၌ စုစုစည်းစည်း လေ့လာရသဖြင့် ဗဟုသုတများစွာရ။
မမိုမိုလွင်(ပထမနှစ်၊ ကွန်ပျူတာတက္ကသိုလ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အိုင်တီပစ္စည်းအသစ်များကိုတွေ့မြင်သိရှိရပြီး လက်တွေ့လေ့လာခွင့် ရသည့်အတွက် လူငယ်များအလွန် အကျိုးရှိ။
မောင်ဘုန်းမြင့်ဝင်း (ဒုတိယနှစ် အစိုးရနည်းပညာတက္ကသိုလ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နယ်စပ်/ စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၅ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ကြီးသည် ကျောင်းအုပ်ဆရာမကြီးနှင့်ဝန်ထမ်းများ၊ သင်တန်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွေရာသီကျောင်းပိတ်ရက် အခြေခံယဉ်ကျေးမှုအတီး(စောင်း)နှင့် အကသင်တန်းအမှတ်စဉ် (၁/၂၀၀၆) ပို့ချနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

တင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိရာ ဒေသကြီးကြပ်ရေးမှူး ဦးတင်မောင်အေးနှင့် ဝန်ထမ်းများက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြသည်။

ဝန်ကြီးက တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကျိုင်းတုံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းသားကျောင်းသူများ မြန်မာတူရိယာများ တီးခတ်လေ့ကျင့်မှုကို ကြည့်ရှု စစ်ဆေး၍တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်း ဆိုင်ရာကိစ္စရပ်များ တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် အလက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ဒဂုံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ ၁ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း ဒဂုံသူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၉

လှိုင်မြို့နယ် (၁၂) ရပ်ကွက် မရမ်းခြံ မာဃရုံလမ်း အောင်သိဒ္ဓိမဟာမြိုင် ကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တတိက္ခာစာရ ကြီးမှူး၍ ပ-သုံးလုံးဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် ဝိပဿနာပညာတက္ကသိုလ် (ကထိက) အရှင်သာသန(မင်းလှ)က တရားတော်မြတ်ကို ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၉ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လူမှုဝန်ထမ်းဦးစီးဌာန (၄၂)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ (၄၂)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အရာရှိကြီးများ၊ ဝန်ထမ်းများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ အထူးအရာရှိ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇာရထံမှ ရှစ်ပါးသီလ ဆောက်တည်ခံယူတော်မူကြသည်။

ထို့နောက် ကြွရောက်လာသော ဆရာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အထူးအရာရှိနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇာရထံမှ အနုမောဒနာတရားနာကြ၍ ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေ နှစ်၁၀၀ပြည့်

ရန်ကုန် ဧပြီ ၂၉

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေ နှစ် ၁၀၀ ပြည့်အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် မေ ၉ ရက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများသည် ဖိတ်စာ၊ ရင်ထိုးတံဆိပ်၊ ကားဝင်ခွင့်များကို အသင်းဝင်ကတ်ပြား ပြ၍ မေ ၃ ရက်မှ ၆ ရက်အထိ အမှတ် ၇၇ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် အသင်းတိုက်၌ ရုံးချိန်အတွင်းထုတ်ယူနိုင်ကြောင်းသိရသည်။ **(၃၅၂)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဂုဏ်ပြုညစာစားပွဲကျင်းပ ပြည်နယ်နှင့်တိုင်းများမှ လှူပ်ရှားမှုထူးချွန်ဆုရရှိသူများအားဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့၊ နာယက အဖွဲ့ဝင်များ၊ အမျိုးသားကျန်းမာရေး ကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက် အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာပေ၊ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း လက်ဆောင်ပေးအပ်စဉ်။
(သတင်းစဉ်)

ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ဆောင် ပေးအပ်သည်။

ယင်းနောက်အမျိုးသားကျန်းမာရေး ကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ၂၀၀၅ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုရရှိသော တိုင်းများအား ဆုများကို ချီးမြှင့်ရာ ပထမဆု ရရှိခဲ့သည့် ရန်ကုန်တိုင်းအား ဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းအား ဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊တတိယဆုရရှိသည့် ဧရာဝတီတိုင်းအား ဆုငွေကျပ် ၁၅၀၀၀၀ ကို လည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသည့် စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း(အရှေ့)တို့အား ဆုငွေကျပ်တစ်သိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ၂၀၀၅ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုရရှိသော ပြည်နယ်များအား ဆုများကို ချီးမြှင့်ရာ ပထမ ဆုရရှိသည့် မွန်ပြည်နယ်အား ဆုငွေ ကျပ်သုံးသိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အား ဆုငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အား ဆုငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ နှစ်သိမ့်ဆု ရရှိကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အား ဆုငွေ ကျပ်တစ်သိန်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အကောင်းဆုံးစာတမ်းဆု ရရှိကြသော ပြည်နယ်နှင့် တိုင်းများအား ဆုများကိုချီးမြှင့်ရာ ပထမဆုရရှိသည့် ဧရာဝတီတိုင်းအား ဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းအားဆုငွေကျပ် ၁၅၀၀၀၀ ကို လည်းကောင်း၊ တတိယဆုရရှိသည့် မန္တလေးတိုင်းအား ဆုငွေကျပ် တစ်သိန်း ကိုလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသည့် မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့အား ဆုငွေကျပ် ငါးသောင်းစီကို လည်းကောင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဝေဝေသာက ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆု ယင်လုံအိမ်သာလွှမ်းခြုံမှု ရရှိသည့် မန္တလေးတိုင်းအား ဆုငွေကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ယင်းနောက် ဗဟို အလုပ်အမှုဆောင် ဒေါ်အေးအေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထုတ်ဝေသော မေတ္တာစမ်းရေ မဂ္ဂဇင်းအတွက် တာဝန်ယူဆောင်ရွက်ပေးကြသော စာပေပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က အသင်းမှ ရိုက်ကူးထုတ်လုပ်ခဲ့သော ရင်ထဲက ရဲတိုက် ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် အနုပညာရှင်များနှင့် တေးဂီတ အဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုညစာတည်ခင်း

ထို့နောက် တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ကျေးဇူးတင်စကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း ကျေးဇူးတင်စကားပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်း သမိန်ဗရမ်းလမ်းသွယ် အမှတ် ၄၄နေ ဖခင်ကြီး ဦးဘာဘာ မိခင်ကြီး ဒေါ်လှကြည်နှင့် အစ်ကို ဦးသောင်းတင်တို့အားရည်စူး၍ ဦးလှမြင့် ဒေါက်တာသန်းသန်းဦး သမီးကြီး မမေဇင်ဦး၊ သားကြီး မောင်ဝေတင်ဦး၊ မောင်ပြည့်စုံဦးနှင့် သမီးမမေဦးငယ် မိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

❒ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရော်ဘာခြံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရော်ဘာစိုက်ပျိုးခြင်းဖြင့် ဒေသခံတိုင်းရင်းသားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာပြီး တစ်ဦးချင်းဝင်ငွေတိုးတက်၍ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ရော်ဘာကို ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့်အပြင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိအောင်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် ရော်ဘာစိုက်ပျိုးခြင်းဖြင့် ရှမ်းကုန်းပြင်မြင့်ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတရေးကိုပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများအား ဒေသခံပြည်သူများရော်ဘာကိုစီးပွားဖြစ်စိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့်ရော်ဘာပျိုးပင်များကို လုံလောက်စွာဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြန်မာ့ရွှေဖြူရော်ဘာခြံတွင် ရော်ဘာစိုက်ခင်း ဧက ၃၂၀၌ ရော်ဘာပင်ပေါင်း၈၇၀၀၀ကို ၁၉၉၇ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ပြီး ယခုအခါ ရော်ဘာ ၇၅ဧက၌ ရော်ဘာစေးများကို စတင်ခြစ်ယူထုတ်လုပ်လျက်ရှိကြောင်းနှင့် RRM-600၊ RRM-702 နှင့် GT-1 ရော်ဘာမျိုးများကို စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

အလှူငွေပေးအပ်

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ ကျိုင်းတုံမြို့ရှိ ခေမာရဋ္ဌရုပ်တော်မှုဘုရားကြီးသို့ သွားရောက်၍ ဘုရားကြီးအားဖူးမြော်ကြည်ညိုပြီး အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သစ်တစ်ပင်တောင်သို့ ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က သစ်တစ်ပင်တောင်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဆွဲဆောင်မှု (Tourist Attraction) ဖြစ်စေရန် ကျိုင်းတုံတစ်မြို့လုံးကို အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်သည့် မျှော်စင်တစ်ခု ဆောက်လုပ်ရေး ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ ရေပေးဝေရေးစီမံကိန်းစစ်ဆေး ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရန်အစီအမံများချမှတ်

ရန်ကုန် ဧပြီ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပသော ရေပေးဝေရေးစီမံကိန်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းညှိနှိုင်း အစည်းအဝေးတွင် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဆောင်ရွက် ပြီးစီးမှု အခြေအနေကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းတည်ဆောက်ပြီးစီးပြီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် လက်ရှိရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည့်အစီအမံများကို ချမှတ်ပေးသည်။

လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ဇေယျာသိန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ တက်ရောက်လာကြသူများနှင့်အတူ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ၂၉ရက်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ဝေဝေသာ ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆုရရှိသည့် မန္တလေးတိုင်းအား ဆုချီးမြှင့်စဉ်။

(သတင်း-၈)(သတင်းစဉ်)

အသက်(၁၃)နှစ်အောက် ပြည်နယ်/တိုင်းဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းလူငယ်အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဧပြီ ၂၉

(၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ကျင်းပသည်။

ရန်ကုန်တိုင်းနိုင်

အောင်ဆန်း အားကစားပြိုင်ကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ရန်ကုန်တိုင်းအသင်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းက ချေပဂိုးများပြန်သွင်းယူခဲ့ရာ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းအသင်းမှ ကျောနံပါတ်-၉ ရဲထွဋ်က ရရှိသည်။

မန္တလေးတိုင်းနိုင်

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ မန္တလေးတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီးဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ဗိုလ်လုပွဲ

မေ၁ရက် ညနေ၃နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့်မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အလုပ်သမားနေ့နှင့် ကဆုန်လပြည့်နေ့ လျှော်ကားဥယျာဉ်ဖွင့်ထားမည်

ရန်ကုန် ဧပြီ ၂၉

သစ်တောဦးစီးဌာန လျှော်ကားဥယျာဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်းပိတ်ပြီး နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ၄နာရီအထိသာ ဖွင့်လှစ်သော်လည်း မေ၁ရက် အလုပ်သမားနေ့(တနင်္လာနေ့)နှင့် မေ၁၁ရက် (ကဆုန်လပြည့်နေ့)တို့တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူလှေ့လာနိုင်ရန် နံနက် ၈နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာပြန့်ပွားရေးအသင်းနှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့်စာတမ်းဖတ်ပွဲ

ရန်ကုန် ဧပြီ ၂၉

ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနား ၄၉/၅၁၊ ဗဟန်းလမ်းမကြီး၊ ဗဟန်းမြို့နယ်ရှိ "အဘိဓမ္မာရတနာဃရ" ဓမ္မဗိမာန်တော်ကြီးတွင် မေ၅ရက် နံနက်၈နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မေ၆ရက် နံနက်၈နာရီတွင် စာတမ်းဖတ်ပွဲအစီအစဉ်အရ မောင်ရင့်ကျူး(မြောင်းမြ)က အဘိဓမ္မာဆိုင်ရာပျို့၊ လင်္ကာတို့ကို လေ့လာခြင်း၊ စာရေးဆရာချစ်ဦးညိုက ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုနှင့် သန္တရသစာတမ်းတို့ကိုလည်းကောင်း၊ မေ၇ရက် နံနက်၈နာရီတွင် ဦးအောင်မွန်(မြတ်ဆုမွန်)က အနောက်နိုင်ငံသို့ အဘိဓမ္မာပြန့်ပွားခြင်း၊ ဆရာသူရဇော်က အဘိဓမ္မာတရားတော်မြတ် ဖြစ်ပေါ်လာပုံနှင့်အခြေခံသဘောတရား စာတမ်းတို့ကို ဓမ္မဗိမာန်တော်ကြီး၌ အသီးသီး တ်ကြားမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်တင်ရွှေအား ရည်စူး၍ ဦးအောင်စိန်နှင့် ကျန်ရစ်သူမိသားစုက အခမဲ့ နာရေးကူညီမှုအသင်း (ထောက်ကြံ့)ဖြစ်မြောက်ရေးကော်မတီသို့ ဧပြီ ၂၈ ရက်က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းမြင့်က လက်ခံယူစဉ်။

(က-ပ)

☆ ကျောဖုံးမှ

သိန်းနီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါ သိန်းနီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် ၂-၄-၂၀၀၂ရက်နေ့က ပြန်လည်ဖွဲ့စည်းသော သိန်းနီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့တွင်ပါဝင်ပြီး ပါတီနိုင်ငံရေးလုပ်ငန်းများကိုသာ သီးသီးသန့်သန့်လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်သူလူထုအကျိုးကိုဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း ယနေ့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏လုပ်ရပ်များသည် ပြည်ပကို အားကိုးပြီး ပြည်တွင်း၌ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရ၏လုပ်ရပ်များကို အဖျက်သဘော၊ အဆိုးမြင်ဝါဒဖြင့်သာ ရှုမြင်နေခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရန် NLD ၏ ညွှန်ကြားမှုလုံးဝမရှိသည့်အပြင် ပါတီဝင်များကလည်း ပါဝင်လုပ်ဆောင်မှုမရှိခြင်းတို့ကြောင့် NLD ပါတီသည် ပြည်သူလူထုနှင့်ကင်းကွာလာခြင်း၊ NLD ပါတီအတွင်း ပုဂ္ဂိုလ်ရေးကိုးကွယ်မှုသဘောရှိနေခြင်းတို့ကို ၎င်းတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်နေရပါကြောင်း၊ သိန်းနီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလက ပါတီဝင် (၁၁)ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ဦးဇော်အောင်(ယခင်ဥက္ကဋ္ဌ၊ အမေရိကန်နိုင်ငံသို့ ထွက်ခွာသွား)၊ ဦးစိုင်းအုန်းခမ်း (အဖွဲ့ဝင်၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်သို့ပြောင်းရွှေ့)နှင့် ဒေါ်နန်းပါးအောင်(အဖွဲ့ဝင်၊ မိုင်းရှူးမြို့နယ်သို့ ပြောင်းရွှေ့)တို့ သုံးဦးသည် ပါတီနှင့်ကင်းကွာပြောင်းရွှေ့သွားခဲ့ကြပြီဖြစ်ကြောင်း၊ ၎င်းတို့ လက်ကျန်ပါတီဝင် ရှစ်ဦးကလည်း NLD၏ လုပ်ရပ်များသည် ၎င်းတို့မူလမျှော်မှန်းထားသည်နှင့် ဆန့်ကျင်လျက် လွဲမှားစွာ လုပ်ဆောင်နေသည်ကို တွေ့ရှိနေရသဖြင့် သိန်းနီမြို့နယ် NLD အလုပ်အမှုဆောင် တာဝန်များမှလည်းကောင်း၊ NLD ပါတီဝင်အဖြစ်မှလည်းကောင်း အပြီးအပိုင် နုတ်ထွက်ကြောင်းနှင့် သိန်းနီမြို့နယ် NLDရုံးကို ဧပြီ၂၃ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

✣ ကျောဖုံးမှ

မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် (လားရှိုးမြို့)သို့ ပေးပို့ခဲ့သော လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ကိုးဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ၁၉၈၈ခုနှစ် ဩဂုတ်လမှ စတင်ဝင်ရောက်ခဲ့ပြီး ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်းဖြင့်ဆောင်ရွက်ကာ ဒေသခံပြည်သူတို့၏အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တည်း ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ နိုင်ငံရေးရပ်တည်မှုအနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိပြီး ကောင်းမြတ်သောအကျိုးရလဒ်များ ထွက်ပေါ်မလာဘဲ ပါတီဝင်အချင်းချင်းပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ အချင်းချင်းစိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပါတီတွင်းဂိုဏ်းဂဏ ကွဲပြားမှုများဖြစ်အောင်သာ ပြုမူဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နိုင်ရန် ပါတီ၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုမရှိသဖြင့် ၎င်းတို့အနေဖြင့် တစ်နေ့တခြား ပြည်သူလူထုနှင့် ကင်းကွာလာ၍ သီးခြားအဖွဲ့ဖြစ်လာပြီး ရပ်ရွာအကျိုးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ အထီးကျန်သီးခြားလူတန်းစားတစ်ရပ်အသွင် ဖြစ်လာနေကြောင်း။

ပါတီအနေဖြင့်လည်း ပြည်တွင်း၏အင်အားကိုအလေးမထားဘဲ ပြည်ပအားကိုသာ အလေးထားဆက်သွယ်ဆောင်ရွက်နေခြင်းများ တွေ့ရှိရသဖြင့်လည်းကောင်း၊ လက်ရှိနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်း ဆောင်ရွက်နေမှုများကို သိမြင်ပါလျက် မသိကျိုးကျွန်ပြုပြီး အဆိုးမြင်ဝါဒစွဲကိုင်ကာ အပျက်သဘော ဝေဖန်ပြောဆိုနေမှုများကိုလည်းကောင်း ၎င်းတို့အနေဖြင့် လက်မခံနိုင်တော့ပါကြောင်း။

သို့ပါ၍ ၎င်းတို့သည် လက်ရှိတိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ်အကျိုးပြုသော သန့်စင်မွန်မြတ်သည့် ရပ်တည်မှုကို လိုလားပြီး နိုင်ငံရေးလှေကြုံစီးရန် ကြံရွယ်လျက်ရှိသောလူတစ်စုနှင့် ဆက်လက်လက်တွဲရန် မလိုလားတော့ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ နုတ်ထွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးစိန်မောင်သည် ဧပြီ၇ရက်တွင်လည်းကောင်း၊ မြို့နယ်စည်းရုံးရေးမှူး ဦးခင်မောင်ဝင်းသည် ဧပြီ၁၄ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်နှင့် ပါတီတာဝန်များမှ နုတ်ထွက်ပါကြောင်း မြို့နယ်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး(လားရှိုးမြို့)သို့ ၎င်းတို့၏ကိုယ်တိုင် နုတ်ထွက်လွှာများပေးပို့ခဲ့ကြသည်။

သို့ဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါတီဝင်၁၆ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ယခုအခါ ပါတီဝင် ၁၁ဦး နုတ်ထွက်သွားပြီဖြစ်သဖြင့် လက်ကျန်အနေဖြင့်ပါတီဝင် ငါးဦးသာကျန်ရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခရမ်းမြို့ စိန်နှင်းဆီရွှေတံတားသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၇)ရပ်ကွက်ရှိ ပျက်စီးယိုယွင်းနေသော ချောင်းကူးတံတားကြီးကို ရန်ကုန်မြို့နေ အလှူရှင် ဦးစိန်ဝင်း-ဒေါ်နှင်းဆီမိသားစု၏ ငွေကျပ်သိန်း ၂၅၀ကျော်တန်ဖိုးရှိ သံကူကွန်ကရစ်ရက်မများဖြင့် အသစ်ပြန်လည်ဆောက်လုပ်ခဲ့သည့် စိန်နှင်းဆီရွှေတံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ၁၇ရက်တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်ဦးစိန်ဝင်းက တံတားတည်ဆောက်လှူဒါန်းရန် စိတ်စေတနာပေါ်ပေါက်လာမှုများကိုလည်းကောင်း၊ စေတနာဖြင့်အချိန်ပြည့် တံတားတည်ဆောက်မှုတွင် ကြီးကြပ်ကူညီခဲ့သူ ရွှေပန်းထိမ်ဆရာကြီး ဦးဝင်းမောင်က တံတားကြီး၏အကျိုးရှိမှုနှင့် ကုန်ကျမှုများကိုလည်းကောင်း၊ ရပ်ကွက်ပြည်သူလူထုကိုယ်စား ဦးမြသောင်းက ကျေးဇူးတင်စကားကိုလည်းကောင်း ရှင်းလင်းပြောကြားကြကာ စိန်နှင်းဆီရွှေတံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ လွှဲပြောင်းလှူဒါန်းသည်။

ထို့နောက် စိန်နှင်းဆီရွှေတံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့်အလှူရှင် ဦးစိန်ဝင်း-ဒေါ်နှင်းဆီမိသားစုတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

အများဆုံးရွာသွန်းခဲ့သောမိုးရေချိန်စံချိန်သစ်

ရန်ကုန် ဧပြီ ၂၉

ယနေ့ မြန်မာစံတော်ချိန်၉နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ ဧပြီလ၏၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကိုတိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ဟသ်ာတ	၁၉၁	၇.၅၂	၄၉	၁.၉၁	၂၉-၄-၁၉၆၄	၃၉
၂။	မင်းလာဒုံ	၁၂၃	၄.၈၄	၁၁၈	၄.၆၅	၁၄-၄-၁၉၉၉	၆၀
၃။	မှော်ဘီ	၁၁၄	၄.၄၉	၇၄	၂.၉၁	၂၈-၄-၁၉၆၈	၅၄
၄။	ပဲခူး	၉၂	၃.၆၂	၉၀	၃.၅၄	၂၀-၄-၁၉၆၇	၄၂
၅။	ပြည်	၈၈	၃.၄၇	၄၈	၁.၈၉	၂၆-၄-၁၉၈၄	၄၂
၆။	တောင်ငူ	၅၅	၂.၁၆	၄၂	၁.၆၅	၂-၄-၁၉၇၇	၄၂

ကျောင်းသားဟောင်းတွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၌ ၁၉၈၃မှ ၁၉၈၇ခုနှစ်အတွင်းပညာသင်ကြားခဲ့ကြသော ဓာတုဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၈)ကြိမ်မြောက် မိတ်ဆုံစားပွဲကို မေ၁ရက်နံနက် ၁၁နာရီတွင် အမှတ်၅၂၀၊ ကမ္ဘာအေးဘုရားလမ်း (ရွှေဂုံတိုင်မီးပွိုင့်အနီး) Excel Treasure Restaurant (Crystal Sapphire Hall)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရောဝတီ၏စပါးကျီ ခြံစည်းရိုးကြက်ဆူဆီစွမ်းအားဖြင့် ပြည့်ဖြိုးစေမည်

"မိမိတို့နိုင်ငံ၏ လူဦးရေမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ နောင်နှစ်ပေါင်း၃၀ကျော်ခန့်တွင် နိုင်ငံတော်၏ လူဦးရေမှာသန်း ၁၀၀ အထိ ရှိလာမှာဖြစ်ကြောင်း၊ နောင်တိုးပွားလာမည့် နိုင်ငံသူ၊ နိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြမှုမရှိ ဖူဖူလုံလုံ စားသုံးနိုင်စေရန် မိမိတို့ ယခုကတည်းကပင် စိုက်ဧရိယာကေတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်းစသည်ဖြင့် ဆောင်ရွက်သင့်သည်များကို စနစ်တကျ ကြိုးစားစီမံဆောင်ရွက်ထားကြရမှာဖြစ်ကြောင်း"

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်၌ ရောဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထက်ပါအတိုင်း လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်၌ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လျာထား ထားလေသည်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ မတိုင်မီ မြန်မာနိုင်ငံ၌ စိုက်ပျိုးဧက တစ်သန်းကျော်သာရှိခဲ့သည်ဟု သိရပါသည်။

အင်္ဂလိပ်တို့သည် ပထမ အင်္ဂလိပ်-မြန်မာ ကျူးကျော်စစ်ပွဲအပြီး ရန္တပိုစာချုပ်ဖြင့် မြန်မာပိုင် ရခိုင်နှင့်တနင်္သာရီဒေသကို သိမ်းပိုက်ပြီးချိန် ၁၈၂၆ ခုနှစ်မှစ၍ ၎င်းတို့၏ ကိုလိုနီစီးပွားရေးဘဝ ခိုင်မာဖွံ့ဖြိုးရေးအတွက် လယ်ယာစိုက်ပျိုးနိုင်သော စိုက်ပျိုးမြေဧကတိုးချဲ့ရေးကို ဆောင်ရွက်ခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံကို ကိုလိုနီနယ်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် စစ်တောင်းမြစ်ဝှမ်းဒေသနှင့် ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသများရှိ မြေရိုင်းများကို ဆန်စပါးထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မြေရိုင်းများကို စိုက်ပျိုးနိုင်သော မြေများဖြစ်စေရန် ဓားမဦးချစနစ်၊ ဘိုးဘပိုင်စနစ်၊ ပတ္တာစနစ်၊ ဂရန်စနစ်နှင့် ကရောင်းကိုလိုနီစနစ်များဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၃၈-၁၉၃၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆန်စပါးစိုက်ပျိုးဧကပေါင်း ၁၂၈၄၁၀၀၀ မျှရှိလျက် ဆန်တန်ချိန် ၅၉၅၀၀၀၀ ထွက်ကာ ကမ္ဘာ့ဈေးကွက်သို့ တန်ချိန် ၃၅၅၀၀၀၀ မျှအထိ တင်ပို့ရောင်းချခဲ့သည်ဟု သိရလေသည်။ ထိုသို့ စိုက်ပျိုးမြေဧက တစ်သန်းခန့်မှ ၁၂ သန်းအထိ တိုးချဲ့ခဲ့သည်။ မြန်မာ့လယ်ယာမြေ၏ အကျိုးအမြတ်များကို မြန်မာနိုင်ငံနှင့် မြန်မာ့တောင်သူလယ်သမားများအဖို့ အကျိုးခံစားခွင့်မရရှိကြဘဲ ကိုလိုနီစီးပွားရေးနှင့် ယင်းကိုလိုနီ အကျိုးစီးပွားကို အထောက်အကူပြုသော နိုင်ငံခြားသားတို့သာ အကျိုးခံစားခဲ့ကြကြောင်း တွေ့ရသည်။

ယခုကာလတွင် နိုင်ငံတော်၏ စီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် အဓိကတည်မှီလျက်ရှိသည့်အပြင် နိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍအပေါ်၌ မူတည်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍမှရရှိသော ထုတ်ကုန်များကို ဈေးကွက်သို့ လျင်မြန်လွယ်ကူစွာတင်ပို့နိုင်ရေးအတွက် လမ်း၊တံတားများနှင့် ပေ၁၈၀အထက် တံတား၂၁၄စင်းကို တည်ဆောက်ပေးခဲ့သည်။ မိုးစပါး၊ နွေစပါးနှင့်အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးရာတွင် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံ ၁၈၃ခုနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးခဲ့လေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဟန်ချက်ညီစွာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ဖော်ဆောင်ပေးခဲ့ရာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဘူမိနက်သန်ဒေသများ ဖွံ့ဖြိုးတိုးတက်နေကြောင်း တွေ့မြင်နေရပါသည်။ စိုက်ပျိုးရေးကို အခြေခံသော အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာလာစေရန် ပြည်ပပို့ကုန်များဖြစ်သော အဓိကသီးနှံ ၁၀မျိုး၊ အမယ်သစ်(အမည်သစ်)သီးနှံ သုံးမျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးတို့ကို ပြည်နယ်နှင့်တိုင်းများ၌ ကြိုးပမ်းစိုက်ပျိုးခဲ့သည်။

အဓိကသီးနှံ၁၀မျိုးတွင် စပါးသီးနှံသည် နိုင်ငံတော်အတွက် အရေးကြီးဆုံးသီးနှံဖြစ်သည်။ ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၁၅ဒသမ၀၄သန်း၊ နွေစပါးဧက ၃ ဒသမ ၄၄ သန်းစိုက်ပျိုးခဲ့ပြီး စပါးတင်းသန်း ၁၂၀၀ထွက်ရှိရေး လျာထားဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရာတွင် နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက်အထွက်နှုန်းတိုးရေးနှင့် ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ရေးအတွက် ဌာနဆိုင်ရာများကလည်း အောက်ခြေအထိ ကွင်းဆင်းပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည့် ခရီးစဉ်များတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်မည့် လမ်းညွှန်မှုများကို ချမှတ်ပေးခဲ့သည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့၌ ရောဝတီတိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဤသို့ လမ်းညွှန်မိန့်ကြားခဲ့သည်။

"သီးထပ်စိုက်ပျိုးရေး၌ စက်သုံးဆီသည် အရေးကြီးသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရန် စက်သုံးဆီကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းမှာ တက်လျက်ရှိသဖြင့် နိုင်ငံခြားသုံးငွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲနေရသော်လည်း လောက်ငမှု၊ ပြည့်စုံမှု မရှိခဲ့ကြောင်း၊ ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်

ခြင်ကျား(မအူပင်)

ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း၊ နောင်တစ်နှစ်ကျော်နှစ်နှစ်ခန့် ဆိုလျှင် မိမိတို့ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဆီဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မှာဖြစ်ကြောင်း"

ရောဝတီတိုင်းသည် ၁၉၈၈ခုနှစ်၌ စိုက်ပျိုးမြေဧက ၄၂၂၁၁၂၆ဧက ရှိခဲ့ပြီး ယခုအခါ ၄၄၁၅၅၉၂ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ၁၉၈၈ခုနှစ်ကုန် မြေလွတ်မြေရိုင်း ၆၂၉၆၉၂ဧကရှိခဲ့ရာ ယခုအခါ ၁၈၁၁၀၃ဧကကို စိုက်ပျိုးနိုင်ခဲ့ပေသည်။ ရောဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီအဆင့်မှသည် ကုန်ထုတ်လုပ်မှု ဆပွားတိုးတက်အောင် ဖိဖိစီးစီး ကြိုးပမ်းလုပ်ဆောင်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ ကြီးပွားတိုးတက်သကဲ့သို့ နိုင်ငံ့စီးပွားလည်း တိုးတက်လာမည်ဖြစ်သည်။ သဘာဝကပေးထားသော ရေခံမြေခံကို အခြေခံကောင်းဖြစ်အောင် နိုင်ငံတော်အပိုင်းက ထမ်းဆောင်ပေးထားလေသည်။

မိုးများပြီး ချောင်းရေ မြစ်ရေတိုးကာ ရေလျှံကွင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းအဖြစ် တစ်ချိန်ကသတ်မှတ်ထားသော မြေလွတ် မြေရိုင်းများကို စိုက်ပျိုးမြေဖြစ်စေရန် တန်ဖိုးတိုးမြှင့်ပေးခဲ့သည်။ စိုက်ပျိုးရေလိုအပ်သော နေရာများ၌ ရေသောက်ဧရိယာ တိုးပွားစေနိုင်ရန်အတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့သည်။ တစ်နှစ်ပတ်လုံး လိုအပ်သလောက် ရေကိုထိန်းထားနိုင်သော ရေထိန်းတံခါးများ တိုးပွားလာအောင် ကြိုးပမ်းလုပ်ဆောင်ပေးခဲ့သည်။

ညောင်တုန်းမြို့နယ်တွင် ဧက ၂၀၀၀၀စီ အကျိုးပြုသော ပန်းလှိုင်ရေထိန်းတံခါးနှင့် မဲဇလီရေထိန်းတံခါး၊ အင်္ဂပူမြို့နယ်တွင် ဧက ၁၄၀၀၀ အကျိုးပြုသော နန်ကသူရေလှောင်တမံ၊ မအူပင်မြို့နယ်တွင် ဧက ၁၅၀၀၀ အကျိုးပြုမည့် ဝါးတောရေထိန်းတံခါးနှင့် ထနီးရေထိန်းတံခါးစသည်များနှင့် မြစ်ရေတင်စီမံကိန်း ၂၃ခု ဖြစ်ထွန်းလာခဲ့သည်။

ရောဝတီတိုင်းတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း စိုက်ပျိုးမြေဧက နှစ်သိန်းကျော် တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက ၃၆သိန်းကျော်နှင့် နွေစပါးဧက ၁၆သိန်းကျော်ကို တစ်ဧကအထွက်နှုန်းတိုးစေရန် စိုက်ပျိုးနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးစပါးစိုက်ဧက၏ ၂၅ရာခိုင်နှုန်းဖြစ်၍ ရောဝတီတိုင်းတစ်တိုင်းတည်းကပင် စပါးတင်းသန်း ၃၇၀ကျော် ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ကြံခင်းမြို့နယ်၌ ဧက ၂၀၀၀၀ အကျိုးပြုကွန်ချောင်း၊ မြန်အောင်မြို့နယ်၌ ဧက ၁၀၀၀၀အကျိုးပြုမည့် မမြ၊ အင်္ဂပူမြို့နယ်၌ ဧက ၂၅၀၀၀အကျိုးပြု ကညင်ရေလှောင်တမံတို့၏ အင်အားဖြင့်စိုက်ပျိုးပါက စပါးတင်းသန်း ၄၀၀အထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်က စပါးတင်းသန်း ၁၂၀၀ထွက်ရှိရေး ရည်မှန်းထားရှိဆောင်ရွက်နေရာ ရည်မှန်းချက်၏ သုံးပုံတစ်ပုံ ဖြည့်စွမ်းပေးနိုင်သော တိုင်းတစ်တိုင်းဖြစ်သဖြင့် နိုင်ငံ၏စပါးကျီဟု တင်စားခေါ်တွင်လာခဲ့ကြလေသည်။

သီးထပ်စိုက်ပျိုးရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ရေတင်ရာတွင် အသုံးပြုရန် စက်သုံးဆီများစွာလိုအပ်ပြီး စက်သုံးဆီကိစ္စမှာ ကမ္ဘာနှင့်အဝန်း ကြောင့်ကြပူပန်နေရသောကိစ္စဖြစ်သည်။ ယနေ့ကမ္ဘာတွင် လောင်စာဆီ ထုတ်လုပ်မှုပမာဏသည် သုံးစွဲမှုပမာဏကို လိုက်မမီတော့သဖြင့် လောင်စာဆီရှားပါးမှုကိစ္စ ပေါ်ပေါက်လျက်ရှိသည်။ ကမ္ဘာနှင့်အနှံ့ ရေနံအစားထိုးလောင်စာဆီ သုံးစွဲရေးကိစ္စကို ကာလကြာမြင့်စွာ ကြိုးပမ်းနေကြသည်ကို တွေ့ရှိရသည်။ နိုင်ငံတကာတွင် လောင်စာဆီအစား နေရောင်ခြည်စွမ်းအား၊ နျူကလီးယားစွမ်းအင်တို့ဖြင့် အစားထိုးသုံးစွဲရေးတို့ တီထွင်စမ်းသပ်လျက်ရှိသော်လည်း ကုန်ကျစရိတ်ကြီးမားပြီး နည်းပညာအခက်အခဲများ ရှိနေသည်ကို တွေ့ရလေသည်။

ယခုအခါကမ္ဘာတစ်ဝန်းမှ လယ်သမားများသည် ဇီဝလောင်စာဆီကို အပြိုင်အဆိုင် အားတက်သရော ထုတ်လုပ်လာကြောင်းတွေ့ရသည်။ ယနေ့ ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် သီးနှံရိက္ခာတို့ကို အချောကိုင်လိုသောအုပ်စုနှင့် သီးနှံတို့ကို ဇီဝလောင်စာဆီပြုလုပ်လိုသောအုပ်စုတို့ အားပြိုင် ဝယ်ယူလျက်ရှိသည်ကို တွေ့ရလေသည်။

ဘရာဇီးနိုင်ငံက ကြံပင်မှ အီသနောလောင်စာကို ထုတ်လုပ်လျက်ရှိ၍ အမေရိကန်က ပြောင်းဖူးမှအီသနောလောင်စာဆီထုတ်လျက်ရှိလေသည်။ ဂျာမနီနိုင်ငံက ဦးဆောင်ပြီး ဥရောပနိုင်ငံအသီးသီးကလည်း စားအုန်းဆီအစေ့တို့မှ ဇီဝဒီဇယ်ဆီထုတ်လုပ်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး ကြံစိုက်ပျိုးသော အိန္ဒိယနိုင်ငံသည် ကြံမှ အီသနောဓာတ်ငွေ့ထုတ်လုပ်သော စက်ရုံပေါင်း ၂၀ တည်ဆောက်ခဲ့သည်ဟုသိရပေသည်။

ဥရောပသမဂ္ဂကလည်း လောင်စာဆီ၏ ၅ရာခိုင်နှုန်းကို ဇီဝလောင်စာဆီဖြင့် အစားထိုးရန် လျာထားခဲ့ပြီး ဥရောပနိုင်ငံ အသီးသီးကလည်း မုန်ညင်းစေ့မှ ဇီဝဒီဇယ်ထုတ်ရန် ကြိုးပမ်းလျက်ရှိလေသည်။ အချို့နိုင်ငံများ မြက်ပင်မှ လောင်စာဆီထုတ်လုပ်နေကြပြီး အပင်အမျိုးမျိုးမှ တီထွင်ထုတ်လုပ်နေသည်ဟု သိရလေသည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ စားအုန်းဆီမှ ဇီဝလောင်စာဆီထုတ်လုပ်ရေးကို ဆောင်ရွက်လျက်ရှိသည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၌လည်း ဇီဝလောင်စာဆီ စက်ရုံများ အရင်းအနှီးများစွာဖြင့်လည်းကောင်း၊ စင်ကာပူနိုင်ငံက ဂျာမနီနှင့်ပူးပေါင်း၍ လည်းကောင်း တည်ထောင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီကို ထုတ်လုပ်နိုင်ပြီး ကြက်ဆူပင်များမှာ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် အလေ့ကျ ပေါက်ရောက်ကြကြောင်း တွေ့ရှိရသည်။ စွတ်စိုသော သမန္တေးပိုင်း ဒေသတွင်ပါ ပေါက်ရောက်နိုင်ကာ ကုန်ကျစရိတ်သက်သာစွာ စိုက်ပျိုးနိုင်သည့်အပြင် ကြီးထွားမှုလျင်မြန်၍ အကြမ်းခံနိုင်သော အပင်မျိုးဖြစ်လေသည်။

ကြက်ဆူပင်မှ သီးသော ကြက်ဆူသီးကို ကြိတ်၍ ထွက်ရှိလာသောဆီကို ကြိတ်ဖတ်များမပါစေရန် စစ်ယူရုံမျှဖြင့် အခြားဓာတုဆေးဝါး၊ အဆီရောနှောစရာမလိုဘဲ ဒီဇယ်ဆီအစား စက်ကိရိယာများတွင် တိုက်ရိုက်ထည့်သွင်း မောင်းနှင်နိုင်လေသည်။ ယခုအခါ ကြက်ဆူပင်မှရသော ဇီဝဒီဇယ်ဆီဖြင့် မီးထွန်းခြင်း၊ လောင်စာပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၌ ထည့်သွင်း အသုံးချသည့် လက်တွေ့ စမ်းသပ်သရုပ်ပြမှုများကိုလည်း တွေ့ရှိရပါသည်။ အခြားနိုင်ငံများကဲ့သို့ စက်ရုံများတည်ထောင်ရခြင်း၊ ဓာတုဆေးဝါးများနှင့် ပေါင်းစပ်တီထွင် ထုတ်လုပ်ရခြင်းဟူသော ခက်ခဲမှုမရှိဘဲ မြန်မာ့မြေတွင် အလေ့ကျပေါက် ရောက်သော ကြက်ဆူပင်အား စိုက်ပျိုးခြင်းဖြင့် ဇီဝဒီဇယ်ဆီ အလျှံပယ် ထုတ်လုပ်ရေးကို ဆောင်ရွက်နိုင်သော အခွင့်အလမ်းပေါ်ပေါက်နေပေပြီ။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရိုးသားကြိုးစား ရောဝတီသားတို့သည် ရောဝတီ၏ စပါးကျီ ခြံစည်းရိုးကြက်ဆူဆီ စွမ်းအားဖြင့် ပြည့်ဖြိုးစေမည်ဟု သန္နိဋ္ဌာန်ပြုကာ ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့်လိုက်နာရန် လိုအပ်သည်ဖြစ်၍ အခြားပြည်နယ်နှင့် တိုင်းများတွင်လည်း အလားတူကြိုးပမ်း အကောင်အထည်ဖော်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကြက်ဆူပင်မှသီးသော ကြက်ဆူသီးကိုကြိတ်၍ ထွက်ရှိလာသောဆီကို ကြိတ်ဖတ်များ မပါစေရန် စစ်ယူရုံမျှဖြင့် အခြားဓာတုဆေးဝါး၊ အဆီရောနှောစရာမလိုဘဲ ဒီဇယ်ဆီအစား စက်ကိရိယာများတွင် တိုက်ရိုက်ထည့်သွင်း မောင်းနှင်နိုင်လေသည်။ ယခုအခါ ကြက်ဆူပင်မှရသော ဇီဝဒီဇယ်ဆီဖြင့် မီးထွန်းခြင်း၊ လောင်စာပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၌ ထည့်သွင်းအသုံးချသည့် လက်တွေ့စမ်းသပ်သရုပ်ပြမှုများကိုလည်း တွေ့ရှိရပါသည်။ အခြားနိုင်ငံများကဲ့သို့ စက်ရုံများတည်ထောင်ရခြင်း၊ ဓာတုဆေးဝါးများနှင့် ပေါင်းစပ်တီထွင် ထုတ်လုပ်ရခြင်းဟူသော ခက်ခဲမှုမရှိဘဲ မြန်မာ့မြေတွင် အလေ့ကျ ပေါက်ရောက်သော ကြက်ဆူပင်အား စိုက်ပျိုးခြင်းဖြင့် ဇီဝဒီဇယ်ဆီ အလျှံပယ်ထုတ်လုပ်ရေးကို ဆောင်ရွက်နိုင်သော အခွင့်အလမ်းပေါ်ပေါက်နေပေပြီ။

မိုင်းရှူး ဝမ်ဆော့စံပြကျေးရွာ အလက ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ် ကိုယ့်အားကိုယ်ကိုး အားမာန်သစ်စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်သည် ရှမ်းပြည်နယ်တစ်ခုလုံး၏ အချက်အချာကျသော ဒေသအားလုံး ကွက်ပြည့်တစ်ပြိုင်တည်းဖွံ့ဖြိုးလာစေရေးအတွက် တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသတို့ကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် တိုးချဲ့ထူထောင်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မိုင်းရှူးမြို့နယ်၏ နယ်မြေဒေသအားလုံး အေးချမ်းတည်ငြိမ်နေမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာနေသည့် ဝမ်ဆော့စံပြကျေးရွာသည် မိုင်းနောင်မြို့မှ မိုင်းရှူးမြို့သို့သွားသည့် လမ်းမကြီးပေါ်၌ ရှိသည်။

မိုင်းရှူးမြို့နယ် ဝမ်ဆော့စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့မှခ်ဦး၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကျော်ဟန်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းအောင်လှတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မိုင်းရှူးမြို့နယ် ပညာရေးမှူး ဦးမြင့်စိုးက ပညာရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မိုင်းရှူးမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လေးကျောင်းတို့ ရှိပြီး ဆရာဆရာမဦးရေ ၁၈၀ နှင့် ကျောင်းသားကျောင်းသူဦးရေ ၈၉၉၄ ဦးတို့ ရှိကြောင်း၊ ယခင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဖြေဆိုသူ ၂၂၃ ဦးရှိသည့်အနက် ၁၁၁ ဦးတို့ အောင်မြင်သဖြင့် အောင်ချက် ရာခိုင်နှုန်း ၄၉ဒသမ ၇၈ ရှိကြောင်း၊ ဝမ်ဆော့စံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၄၅ ဦးတို့အား ဆရာဆရာမ ၁၆ဦးတို့ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ယခု ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး ပညာရေးဝန်ကြီးဌာန၏ ငွေကျပ်သိန်း ၅၀ ဖြင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းကူညီမှုဖြင့် ဆောက်လုပ်ခဲ့ကြောင်းဖြင့် တင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရေး မှတ်တမ်းများကို ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဟန်က ကျောင်းအုပ်ဆရာကြီး ဦးညွန့်အောင်ထံ လွှဲပြောင်း ပေးအပ်သည်။ ယင်းနောက် ဝမ်ဆော့စံပြကျေးရွာ ရပ်မိရပ်ဖများကိုယ်စား ဦးစိုင်းအောင်လှက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာအုပ်များလှူဒါန်း

ထို့နောက် ဝမ်ဆော့စံပြကျေးရွာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကျေးရွာ ကိုယ့်အားကိုယ်ကိုး အားမာန်သစ်စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ လွိုင်လင်ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက သုတစာအုပ် မျိုးစုံအုပ်ရေ ၁၀၀ ကို လည်းကောင်း၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ငယ်ရွယ်သူများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ဥမ္မာမြင့်က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံအုပ်ရေ ၁၀၀ ကို လည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းအောင်က ရှမ်းစာပေဖြင့် ဝတ္ထုများ၊ စာစောင်များနှင့် ရွှေနိုင်ငံဂျာနယ်စာအုပ် ၆၄ အုပ်တို့ကို လည်းကောင်း၊ ဝမ်ဆော့စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် စာကြည့်တိုက်တာဝန်ခံ ဦးစိုင်းပန္တိထံ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးစံထွန်းက စာအုပ်မျိုးစုံအုပ်ရေ ၁၅၀ ကို လည်းကောင်း၊ ရပ်မိ ရပ်ဖ ဒေါ်နန်းခမ်းအောင်က စာအုပ်မျိုးစုံအုပ်ရေ ၁၅၀ ကိုလည်းကောင်း၊ ရပ်မိ ရပ်ဖ ဦးစိုင်းပန္တိက စာအုပ်မျိုးစုံ အုပ်ရေ၁၅၀ကိုလည်းကောင်း စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုး

ထို့နောက် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဆက်လက်ကျင်းပရာ ဝမ်ဆော့စံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူလူထုအင်အား ၅၀၀ ကျော်တို့တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ မိုင်းရှူးမြို့နယ်၌ ၂၀၀၆ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၅၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၂၃၅ ဧက စိုက်ပျိုးထားရှိပြီး ပျိုးပင်ပေါင်း ၈၃၄၆၈၀၀ ကို ပျိုးထောင်ထားရှိပြီး မျိုးစေ့တင်း ၆၀ ကို စုဆောင်းထားပြီးဖြစ်ကြောင်းသိရှိရသည်။ ထို့အတူ မိုင်းရှူးမြို့နယ် အပါအဝင် လွိုင်လင်ခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်၌ ၂၀၀၆ခုနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူပင် ဧက ၄၈၅၀၀ စိုက်ပျိုးရန်လျာထား သတ်မှတ်ခဲ့ရာ ယခုအခါ ၈၇၉၁ ဧက စိုက်ပျိုးထားရှိပြီး ပျိုးပင်ပေါင်း ၄၅၂၆၇၄၆၀ ကို ပျိုးထောင်ထားရှိပြီး မျိုးစေ့တင်းပေါင်း ၁၇၀ ကို စုဆောင်းထားရှိပြီးဖြစ်ကြောင်းသိရှိရသည်။

ဝမ်ဆော့စံပြကျေးရွာ၌ ရှမ်း၊ လီရှော၊ လားဟူ၊ ယင်းနက်စသည့် တိုင်းရင်းသားများ နေထိုင်ကြပြီး ရှမ်းတိုင်းရင်းသားရိုးရာ တိုးနယားအက၊ ကိန္နရီအကနှင့် လီရှောတိုင်းရင်းသားရိုးရာအတီးအမှုတ်များဖြင့် အခမ်းအနားပွဲတော်များတွင် ကခုန်တီးမှုတ်ကြပြီး ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းပို့၊ ဆွမ်းတော်ကပ်ခြင်းစသည့် ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်းလည်း ဆောင်ရွက်လျက်ရှိကြကြောင်း တွေ့ရှိရသည်။

ဝမ်ဆော့စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌လည်း လွိုင်လင်ခရိုင် ခုတင် ၂၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်များအဖွဲ့သည် လူနာပေါင်း ၁၇၇ ဦးအား ဆေးဝါးကုသမှု ပြုလုပ် ပေးကြောင်းလည်း တွေ့ရှိရသည်။

စကားဝိုင်းဆွေးနွေး

လွိုင်လင်ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ တို့က စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက ဦးဆောင်ဆွေးနွေးပြီး ယင်းစကားဝိုင်းသို့ ဝမ်ဆော့စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသူ အင်အား ၁၃၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

မိုင်းရှူးမြို့နယ်သည် ရတနာမြေ ဖြစ်သော်လည်း ဒေသခံတိုင်းရင်းသား အများစုသည် စိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်ကြသဖြင့် စပါး၊ မြေပဲ၊ ပဲပုပ်စသည့် သီးနှံများကို စိုက်ပျိုးပြီး နာနတ်၊ လိမ္မော်များလည်း စီးပွားဖြစ် စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးရှိသည့် ဟိုက်ပါရေတံခွန် ပတ်ဝန်းကျင်၌ နှစ်ရှည် သီးနှံပင်များလည်း စိုက်ပျိုးထားရှိကြောင်း တွေ့ရှိရသည်။ ထို့ပြင် ကြက်မွေးမြူရေးခြံများလည်း စီးပွားဖြစ်စနစ်တကျ မွေးမြူကြသည်။

မိသားစုဝင်ငွေတိုးရေး

ထို့ကြောင့် မိုင်းရှူးမြို့နယ်ဝမ်ဆော့စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှုကြောင့် ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ ဝမ်ဆော့စံပြကျေးရွာအတွင်း နေအိမ်များ၌ ဝက်၊ ကြက်၊ နွားမွေးမြူရေးကို မိသားစုဝင်ငွေတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်ကြကြောင်း တွေ့ရှိရသည်။

ထို့အပြင် ဝမ်ဆော့စံပြကျေးရွာ၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် ရွာတောင်ဘက် ချောင်းလက်တက် ၃ဒသမ ၂၇ ဖာလုံ အကွာမှ ရေကို သွယ်ယူပြီး ရေဂါလန် ၁၄၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ပြီး ရေပိုက်လိုင်းအရှည် ပေ ၂၁၆၀ အသုံးပြု၍ နေအိမ်များသို့ ရေဖြန့်ဝေပေးသကဲ့သို့ ရွာ၏ အရှေ့ဘက်ချောင်းလက်တက်မှလည်း စိုက်ပျိုးရေရရှိသဖြင့် ကြက်သွန်၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ပြောင်းစသည့် ရာသီပေါ်သီးနှံများကိုလည်း တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။

ဆက်သွယ်ရေးကောင်းမွန်လျက်ရှိ

ဝမ်ဆော့စံပြကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားစေသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ယင်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်လုပ်အသုံးပြုနေပြီး စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများ၌လည်း ကိုယ်ပိုင်ရေအားလျှပ်စစ်မီးစက်များကို အသုံးပြုနေပြီဖြစ်သည်။ ကျေးရွာလူထု အသုံးပြုရန် တယ်လီဖုန်း၊ စာတိုက်များလည်း ထားရှိသဖြင့် ဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဝမ်ဆော့စံပြကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေကို ကြည့်လျှင်လည်း ယခင်က အခြေအနေ အရပ်ရပ်ကြောင့် တစ်ရွာမှ တစ်ရွာသို့ သွားလာမှု ခက်ခဲသော်လည်း ယခု တပ်မတော်အစိုးရ လက်ထက်တွင် ဝမ်ဆော့စံပြကျေးရွာသည် မိုင်းနောင်-မိုင်းရှူးလမ်း၊ ကျေးသီး-မိုင်းကိုင်လမ်း၊ မိုင်းရှူး-လဲချားလမ်း၊ မိုင်းရှူး-လားရှိုးလမ်းပေါ်၌ရှိသဖြင့် နေ့စဉ်ယာဉ်ကြီး၊ ယာဉ်ငယ်များသွားလာပြေးဆွဲနေသည်ကို တွေ့ရှိရသည်။ ယခုအခါ ၅၄ မိုင် ရှည်လျားသည့် မိုင်းရှူးမြို့မှ တန့်ယန်းမြို့သို့ ကတ္တရာလမ်းသစ် ဖောက်လုပ်ပြီးစီးနေပြီဖြစ်သဖြင့် တန့်ယန်းမြို့မှ သံလွင်မြစ် အရှေ့ဘက်ကမ်း 'ဝ'ဒေသရှိ ပန်ဖန့်၊ ပန်ဆန်း၊ ပန်ယန်းနှင့်ပန်စန့် မြို့များသို့လည်း ရာသီမရွေးသွားလာနိုင်ပြီဖြစ်သည်။ ထို့ကြောင့် ဒေသထွက်ကုန်သီးနှံများဖြစ်သည့် စပါး၊ပြောင်း၊ ကြက်သွန်ဖြူ၊ ပဲပုပ်၊ မြေပဲ၊ ပန်းနှမ်း၊ ပဲစင်းငုံ၊ နာနတ်စသည့် သီးနှံများ ဝယ်ယူ ရောင်းချသည့် ပွဲရုံလုပ်ငန်းများ၊ ဆန်စက်၊ ဆီစက်များဖြင့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နေကြကြောင်း တွေ့ရှိရသည်။

သို့ပါ၍ ဝမ်ဆော့စံပြကျေးရွာသည် ဖွံ့ဖြိုးရေးဒေသဆိုင်ရာ စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းမှု ဒေသခံ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုကြောင့်လည်း ဖြစ်ကြောင်းမှာ သိသာထင်ရှား လှပေသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဝမ်ဆော့စံပြကျေးရွာ အားမာန်သစ် စာကြည့်တိုက်တွင် စာပေဖတ်ရှုလေ့လာနေသူများကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဟိုက်ပါရေတံခွန်အား လှပစွာ တွေ့ရစဉ်။ (သတင်းစဉ်)

သီတဂူရေအလှူတော် တရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

သီတဂူဆရာတော် အရှင်ဉာဏိဿရ(D. Litt) (Ph .D) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ်၏ ရေအလှူတော်တရားပွဲကို မေ ၅ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရရပ်ကွက်၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိမဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

101 Hair Regrow Centre များဖွင့် ဆံပင်မပေါက်သူများအား အခမဲ့ ကုသပေးမည်

ရန်ကုန် ဧပြီ ၂၉

ဆံပင်ကျန်းမာရေး ချို့တဲ့သူများ ဆံပင်ကျန်းမာရေးပြန်လည်ကောင်းမွန်ရန်၊ ဆံပင်ကျန်းမာရေးကြိုတင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ထိပ်ပြောင်၊ထိပ်ကွက်၊ဆံပင်ကြဲသူများ ဆံပင်ကျန်းမာရေးအတွက် ဆံပင်ပေါက်ဆေး ၁၀၁ ကုန်ပစ္စည်းမိတ်ဆက်ပွဲကို ဧပြီ ၂၀ ရက်က ရန်ကုန်မြို့ ဂရန့်ပလာဇာပတ်စ်ဖိုင်းရယ်တွင်ကျင်းပရာ ဆံပင်ပေါက်ဆေးရှာဖွေ တွေ့ရှိသူ မစ္စတာကျောက်ကျန်းကွမ်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆံပင်ကျန်းမာရေး ဝန်ဆောင်မှုပြုလုပ်လိုသူများအတွက် 101 Hair Regrow Centre(1) ကို ၁-၁၁-၂၀၀၅ရက်တွင် ရန်ကုန်မြို့ အမှတ် ၁၁၅၊လမ်း ၂၀ လသာမြို့နယ် ဖုန်း-၂၅၁၂၃၀၌ လည်းကောင်း၊ Centre (2)ကို ၁၉-၄-၂၀၀၆ရက်တွင် ရန်ကုန်မြို့ အမှတ် ၁၅ သပြေညိုလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၇၀၈၃၁၇ ၌ လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး အဆိုပါဌာနနှစ်ခုတွင် ထိပ်ကွက်ကြားပြောင်နှင့် တစ်ခေါင်းလုံးပြောင်ဝေဒနာရှင် ၁၀၁ ဦးအထိ ဇူလိုင် ၃၁ ရက် မတိုင်မီ သွားရောက် စာရင်းပေးသွင်းပါက ဆေးဘူးတန်ဖိုးနှင့် ဝန်ဆောင်ခ လုံးဝမယူဘဲ မေတ္တာဖြင့်အခမဲ့ ကုသပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ဧပြီ၇ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့ အမှတ်(၄၄)ကြားတောရအုတ်လမ်း ဗဟန်းမြို့နယ်နေ မိခင်ကြီးဒေါ်ခင်ရွှေအား အမှူးထား၍ ဒေါ်ခင်ကြည် (ရွှေပြည်တန်သက်န်းတိုက်)က ငွေကျပ်တစ်သိန်းကို အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာသုန္ဒရ ရှေ့မှောက်၌ တာဝန်ခံ ဒေါ်သိန်းသိန်းဌေး(ခ)စိန်တုံးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ရေး အသိပညာပေးရှင်းလင်းပွဲ မြိတ်မြို့၌ကျင်းပ

နေပြည်တော် ဧပြီ ၂၉

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်ရေး အသိပညာပေးရှင်းလင်းပွဲကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးကမွေးကင်းစ ကလေးနှင့် မိခင်များ မေးခိုင်ရောဂါ ကင်းစင်ပပျောက်ရေး၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ကလေးမိခင်များ သတိပြု လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်မောင်လှက မိခင်နှင့်မွေးကင်းစ ကလေး မေးခိုင်ရောဂါ ကင်းစင်ပပျောက်ရေးအသိပညာပေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၏ဇနီးက ကျန်းမာရေးဝန်ထမ်းများအား တစ်ခါသုံး သန့်စင်မွေးဖွားကိရိယာပစ္စည်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ၂၄ရက်က ပူတာအိုလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်းအလယ်ပိုင်း ပေ၆၀၀Xပေ၁၀၀နှင့် သုံးလက်မထု ထပ်ပိုးလွှာတင်ခြင်း၊ ရေပိတ်ကတ္တရာလောင်းခြင်း၊ မျက်နှာပြင်ညှိလွှာခင်းခြင်း၊ နှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း၊ အလယ်ပိုင်း ပေ ၆၀၀Xပေ၁၀၀နှင့် သုံးလက်မထု ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းတစ်လျှောက်ကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၂၉

ဒါရိုက်တာ ဒေါနု၏ **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင်ဆက်လက်ပြသလျက်ရှိသည်။

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာတွင် ရန်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းအိန္ဒြာဗိုနှင့် သက်မွန်မြင့်တို့ခေါင်းဆောင် ပါဝင်ထားသည်။

ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ အိအိခိုင်၏ **ရတနာ** ဇာတ်ကား ဆက်လက် အောင်ပွဲခံလျက်ရှိသည်။

နေပြည်တော်ရုံတွင် ဂျက်ကီချန်းခေါင်းဆောင်ပါဝင်ထားသော The Myth နိုင်ငံခြားဇာတ်ကားဆက်လက်ပြသလျက်ရှိသည်။

ရွှေဂုန်ရုံ အပေါ်ထပ်တွင် ရော်ဂျာမိုးပါဝင်သော Moonr Akerအက်ရှင်ဇာတ်ကား ပြသလျက်ရှိပြီး ရွှေဂုန်ရုံမြေညီထပ်တွင် ဆန်နီဒိုးလ်နှင့် ဘော်ဘီဒိုးလ်တို့ ခေါင်းဆောင်ပါဝင်ထားသော Dillagi အိန္ဒိယ ဇာတ်ကားသစ်ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအကြား ဖြစ်တတ်သော နှလုံးသားဇာတ်လမ်းကို ဇာတ်အိမ်တည် ရိုက်ကူးထားသော ချစ်ခြင်းမေတ္တာဘွဲ့ ဇာတ်ကားဖြစ်သည်။

မြို့မတန်းမြင့်ရုံတွင် မင်းသား ဆန်ဂျေးဒတ်နှင့် ဆာလ်အလီခန်းတို့ ခေါင်းဆောင်ပါဝင်သောအိန္ဒိယဇာတ်ကားသစ် Parineeta ရုံဝင်လာသည်။

ဆုထူးပန်ရုံတွင် ရုံဝင်လာသော Jung ဇာတ်ကားမှာ မြန်မာရုပ်ရှင်ကြည့် ပရိသတ်အကြိုက်တို့ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် အချစ်၊ အကြမ်း၊ အလွမ်း၊ ဟာသ အိန္ဒိယ ဇာတ်ကားဖြစ်သည်။

မဟာမြိုင်နှင့် နဝဒေးရုံတွင် ကျော်သူ၊ ဇင်ဝိုင်း၊ သူထူးစံ၊ ပြည့်စုံ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင် ပါဝင်ထားသော **ပွဲကိုင်ရှင်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ သားအပေါ်ထားသော ဖခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ပွဲကိုင်ရှင် ဇာတ်ကားမှ စိုးမြတ်သူဇာ။

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာဇာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗိုတို့၏ သရုပ်ဆောင်ဟန်။

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာပေးဟောပြောပွဲအခမ်းအနားကို ဧပြီ၂၅ရက် မွန်းလွဲ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးခင်ဇော်ဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းဟောပြောကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ်ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၃၀-၄-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆)ရက်နေ့

နှင့်

(၂၈-၅-၂၀၀၆)ရက်နေ့

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလုံမြို့နယ် ဌာနာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဧပြီ၂၆ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမနှင့် ရပ်ကွက် အဖွဲ့ဝင် ဦးဝင်းသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် တရုတ် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenzhen Municipal People's Congress The Standing Committee မှ Executive Vice Chairman. Mr. Zhuang Lixiang ခေါင်းဆောင်၍ အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၅ရက်နံနက်ပိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာကိစ္စများ ဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ရင်ခုန်စောင့်စား ဂျာမနီကမ္ဘာ့ဖလား အောင်မြင်မှုများရယူမည့် ဆွီဒင်အသင်းအနေအထား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၉

လာမည့် ဇွန် ၉ရက်တွင် စတင်ကျင်းပတော့မည့် ၂၀၀၆ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရန် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ရာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ၃၂ သင်းတို့ အနေဖြင့် ပြင်ဆင်မှုများ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲဝင် ဆွီဒင်အသင်း နည်းပြ လားစ် လေဂါဘက်။ (ဓာတ်ပုံ– အင်တာနက်)

အရှိန်မြှင့် ပြုလုပ်နေပြီဖြစ်ရာ မြန်မာ့အလင်းဘောလုံးပရိသတ်များအတွက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဆွီဒင်အသင်း၏ ရပ်တည်မှု အနေအထားကို Yangon Intertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံပြီး ကိုးကားရေးသား ဖော်ပြလိုက်ပါသည်။

ဆွီဒင်အသင်း

ဆွီဒင်အသင်းသည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲ၌ ဥရောပဇုန် အုပ်စု(၈)တွင် ခရိအေးရှားတစ်သင်းကိုသာ ရှုံးခဲ့ပြီး ကျန်ပွဲစဉ်အားလုံး အနိုင်ရရှိခဲ့သည့် အသင်းဖြစ်သည်။ ထို့အပြင် ဥရောပဇုန်၏ အကောင်းဆုံး ဒုတိယအသင်းအဖြစ် ခြေစစ်ပွဲ အောင်မြင်ခဲ့ရာတွင် ခြေစစ်ပွဲတစ်ပွဲလျှင် ပျမ်းမျှ သုံးဂိုးနှုန်းသွင်းနိုင်ခဲ့သည်။

ဆွီဒင်သည် ရှေ့၊ လယ်၊ နောက် ညီညွတ်သည့် အကောင်းဆုံးအသင်းတစ်သင်းဖြစ်ပြီး တိုက်စစ်အထူး ထက်မြက်ပြီး တိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည် အလွန်မြင့်မားသည့် အသင်းလည်းဖြစ်သည်။

ဆွီဒင်အသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသို့ ၁၉၃၄ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုအနေဖြင့် ၁၉၅၈ခုနှစ်၌ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သည့် အသင်းလည်းဖြစ်သည်။ ထို့အပြင် ၁၉၃၈၊ ၁၉၅၀၊ ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ၌ အကြိုဗိုလ်လုပွဲအထိတက်ရောက်ခဲ့ပြီး ၁၉၉၄ ခုနှစ်၌ တတိယရရှိခဲ့ဖူးသည့် မှတ်တမ်းရှိနေသည်။

နည်းပြ

ဆွီဒင်အသင်း၏ နည်းပြမှာ လားစ်လေဂါဘက်ဖြစ်ပြီး ဆွီဒင်အသင်းကို အောင်မြင်မှုများ အမြင့်ဆုံး ရရှိအောင်ပြင်ဆင်နေသည်။ "မိမိအသင်းကို ကြံ့ခိုင်မှုကောင်းပြီး လျင်မြန်တဲ့ အသင်းဖြစ်အောင် တည်ဆောက်နေကြောင်း၊ ဆွီဒင်အသင်းအနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ရရှိခဲ့ဖူးတဲ့ အောင်မြင်မှုတွေထက် ပိုမြင့်မားတဲ့ အောင်မြင်မှုရအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။ နည်းပြ လားစ်လေဂါဘက် လက်ထက်တွင် ဆွီဒင်အသင်းသည် အတောင့်တင်းဆုံး အနေအထားရှိနေသည်။



ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲဝင် ဆွီဒင်အသင်း၏ အားထားရမည့် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ချ်။ (ဓာတ်ပုံ– အင်တာနက်)

စောင့်ကြည့်ရမည့်ကစားသမား

ဆွီဒင်အသင်း၏ အားကိုးရသည့် တိုက်စစ်မှူးမှာ အီဘရာဟီမို ဗစ်ချ်ဖြစ်ပြီး ဂိုးသွင်းစွမ်းရည် ထက်မြက်သည့် ကစားသမားတစ်ဦးဖြစ်သည်။လျင်လျင်မြန်မြန် ထိုးဖောက် ကစားတတ်ကာ တွန်းတွန်းတိုက်တိုက်လည်း ကစားနိုင်သော တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ ထို့ပြင် ယွန်းဘတ်နှင့် လာဆင်တို့ကဲ့သို့ အတွေ့အကြုံ ရင့်ကျက်ပြီး ထက်မြက်ကြောက်စရာကောင်းသော တိုက်စစ်မှူးများလည်းရှိနေရာ ဆွီဒင်အသင်း၏ တိုက်စစ်မှာ အားနည်းချက်မရှိချေ။

ဆွီဒင်အသင်း၏ပွဲစဉ်

ဆွီဒင်အသင်းသည် ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားပွဲစဉ်၌ အုပ်စု(ခ)တွင် ပါဝင်ပြီး ဇွန်၁၀ရက်၌ ထရီနီဒတ်နှင့် တိုဘာ ဂိုအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ပါရာဂွေးအသင်းနှင့်လည်းကောင်း၊ ဇွန်၂၀ရက်တွင် အင်္ဂလန်အသင်းနှင့် လည်းကောင်း ကစားရမည်ဖြစ်သည်။ ဆွီဒင်အသင်း၏ အနေအထားအရ အုပ်စုမှတက်ရန် သေချာသည်ဟု ခန့်မှန်းသုံးသပ်လျက်ရှိကြသည်။

ပဏာမလူစာရင်း

ဆွီဒင်အသင်းအတွက် ပဏာမလူစာရင်း ထုတ်ပြန်ရာတွင် ဂိုး– ဟက်မင်း၊ ခီးလ်စထိတ်နှင့် အင်ဒရက်အီဆာဆင်၊ နောက်တန်း–အိုလော့ဖ် မဲလ်ဘတ်၊ ပက်ထရစ်အင်ဒါဆင်၊ ဂျွန်ဟန်၊ မိုက်ကယ်ဆဗင်ဆင်၊ သောမတ်စ်၊ အီရစ်အိမင်၊ အင်ဒရက်စ် ဂျာကိုဆင်၊ တက်ဒီလူစီ၊ အလယ်တန်း– တိုဘိုက်၊ နက်လပ်စ်၊ ဆဗင်ဆင်၊ ယွန်းဘတ်မာဂနပ်၊ ဂျွန်ဆင်၊ ပွန်တပ်စ်နှင့် ဒါနေးလ်အင်ဒရာဆင်တို့ဖြစ်ပြီး တိုက်စစ်မှူးများမှာ အီဘရာဟင်မိုဗစ်ချ်၊ အင်ဒါဆင်၊ လာဆင်နှင့် မာကပ်စ်အောဘတ်တို့ ဖြစ်ကြသည်။

ဆွီဒင်အသင်း၏လက်ရှိ ခြေစွမ်းအရ ၂၀၀၆ကမ္ဘာ့ဖလား၌ အနိမ့်ဆုံး ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်သည်ဟု ဘောလုံးကျွမ်းကျင်သူများ သုံးသပ်ထားရာ လက်တွေ့၌ မည်သို့သော အောင်မြင်မှုများ ယူဆောင်သွားမည်ကို ရင်ခုန်စွာ စောင့်ကြည့်ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**



ဆွီဒင်လက်ရွေးစင် ဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)

တနင်္သာရီတိုင်း မြိတ်မြို့ ဆိတ်ငယ်ရပ် ဗိုလ်ချုပ်လမ်း အမှတ် ၆၉ နေ ဦးချင်စိုး–(ဒေါ်ရှုကြည်) မိသားစုက (ဒေါ်ရှုကြည်) လေးလပြည့် အလှူတော်အဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်၂၇သိန်းကို တိ=နိ (ရန်ကုန်ဌာန) ဒုတိယ ဉက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပရီမီယာလိဂ်ပွဲစဉ်(၃၇)တွင် ဘော်လ်တန်နှင့်ကစားမည့် စပါးစ်အသင်းမှ မိုက်ကယ်ကာရစ်၏ ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် စပါးနှင့်ဘော်လ်တန်တို့ ယနေ့ယှဉ်ပြိုင်မည်

လန်ဒန် မေ ၂၉

ပရီမီယာလိဂ်ပွဲစဉ် (၃၇)အဖြစ် တော့တင်ဟမ်ဟော့စပါးစ်နှင့် ဘော်လ်တန်တို့ မေ၃၀ရက် ယနေ့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ၌ စပါးကွင်းတွင် ဘော်လ်တန်နှင့်ကစားခဲ့ရာ စပါးစ်တို့တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့ပြီး ၂၀၀၄–၂၀၀၅ ရာသီ၌ စပါးကွင်း၌ပင် စပါးစ်တို့ တစ်ဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

စပါးစ်နှင့်ဘော်လ်တန်တို့နောက်ဆုံး ငါးပွဲကစားရာတွင် စပါးကွင်း၌ စပါးစ်တို့က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ရှိထားသည်။ လက်ရှိအနေအထားတွင် စပါးစ် တိုက်စစ်မှူး ရော်ဘီကိန်းမှာ ယခုအချိန်အထိ ၁၆ ဂိုးသွင်းထားနိုင်သလို မီနိုကလည်း တစ်ဦးတည်း ခုနစ်ဂိုးသွင်းထားသည်။

ကြိုးစားရမည်

ဘော်လ်တန် တိုက်စစ်မှူး နိုလန်မှာ ယခုအချိန်အထိ ကိုးဂိုးသာ သွင်းထားနိုင်သလို ဒေးဗစ်ကလည်း ခြောက်ဂိုးသာ သွင်းထားနိုင်သည်။ တိုက်စစ်တွင် စပါးစ်တို့ အားသာသော်လည်း ယခုနှစ်၌စပါးစ်တို့အိမ်ကွင်းရှောအဝေးကွင်းပါ ရလဒ်မကောင်းဖြစ်နေရာ မိမိကွင်းတွင်ကြိုးစားကစားရမည်ဖြစ်သည်။

အနေအထား

သို့သော် စပါးစ်တို့ကမျှော်လင့်သော ခြေစွမ်းများလည်း ပြတတ်သည်ဖြစ်ရာ တစ်ခါတစ်ရံ အသင်းကြီးများပင် ခက်ခက်ခဲခဲကစားရသည့် အနေအထားရှိသည်။ နိုင်ပွဲလိုအပ်နေသော စပါးစ်တို့ အနိုင်ရအောင် ကစားမည့်ပွဲပင်ဖြစ်သည်။ **(အင်တာနက်)**

စမ်းချောင်းမြို့နယ် ရွှာဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်းရှိ ရွှာဦးသဲပုံစေတီတော် ဗုဒ္ဓပူဇနိယပွဲကို မေ၃၀ ရက်မှ မေ ၄ရက်ညနေအထိ အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖွားပူဇော်ခြင်း၊ မေ၄ရက်နှင့် ၅ရက်ညပိုင်း စေတီရင်ပြင်တော်၌ နဝဂုဏ ဗုဒ္ဓမာမက (နယ်လှည့်) ဝတ်အဖွဲ့၊ မြသိန်းတန်အောင် ဓမ္မာရုံဝတ်အဖွဲ့တို့မှ ဝတ်ရွတ်ဖတ် ပူဇော်ကြပြီး မေ၆ရက် မွန်းလွဲပိုင်းတွင် ရပ်ကွက်လမ်းများသို့ စေတီထီးတော်များ အတီးအမှုတ် အဖွဲ့များဖြင့် ပင့်ဆောင်အပူဇော်ခံပြီး မေ၇ရက်တွင် ဘုံဆွမ်း ဘုရားအမှူးပြုသော ပင့်သံဃာအပါး ၅၀တို့အား လှူဖွယ်များဖြင့် ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေမည်ဟု သိရသည်။ **(က–ပ)**

အထက(၂)လှိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

အထက(၂)လှိုင်(ယခင်ဒေါ်သာထက် အထက်တန်းကျောင်း) ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၆ဇွန် ၄ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပနိုင်ရေးအတွက် အာစရိယ ပူဇော်ပွဲကျင်းပရေးကော်မတီအစည်းအဝေးကို ၂၀၀၆ခုနှစ် မေရက် မွန်းလွဲ ၁နာရီတွင် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပါဝင် လှူဒါန်းလိုသူများသည် ဆရာဦးမင်းဇော် ဖုန်း– ၅၃၄၉၃၆၊ ဆရာမ ဒေါ်အေးအေး ဖုန်း–၅၁၆၀၆၄၊ ဒေါ်စန်းစန်းဝင်း ဖုန်း–၇၂၅၆၀၈၊ ဦးအောင်သန်း ဖုန်း–၅၂၅၀၃၃၊ ၇၂၆၅၇၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၃၀)၊ အခန်း(၁)နေ
ဦးတင်လှိုင်-ဒေါ်မြမြတို့၏သား

ဒေါက်တာစောထွင့်

M.B.,B.S,°°M.Med. Sc(Ortho), Dr. Med. Sc
(Hand Surgery) 3rd Year
(Yangon Orthopaedic Hospital)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၉)၊ မကြီးကြီးလမ်းနေ
ဦးစိုးလှိုင်-ဒေါ်ခင်ပြုံးမော်(စိန်ရတနာဆီစက်နှင့် ဆန်စက်)တို့၏သမီးဦး

မကေသီလှိုင်

B.Sc (Hons:), M.Sc (Chemistry)

တို့၏ ၂၁-၄-၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၂၉-၄-၂၀၀၆ရက်တွင် Sedona Hotel ၌ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေအားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးသော ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးသော ဦးတင်ဦး၊ ဒေါ်လှမြင့်(ရွှေစင် ရတနာရွှေဆိုင်)အားလည်းကောင်း၊ တေးဂီတဖြင့်လက်ဖွဲ့သော ဗိုလ်မှူးချုပ်ဇော်ထွန်း(ငြိမ်း)-ဒေါ်မာလာခင်ညို မိသားစုအားလည်းကောင်း၊ ဗီဒီယိုဖြင့်လက်ဖွဲ့သော ဗိုလ်ကြီးအောင်မြတ်ကျော်-ချောအား လည်းကောင်း၊ ဓာတ်ပုံဖြင့်လက်ဖွဲ့သော ကိုအောင်ဇေယျ၊ ခင်ခင်စုအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သူငယ်ချင်းမြကေခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော ညီမလေး နီလာဇော်နှင့် ရွှေစင်အိအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ပါမောက္ခချုပ်နှင့်ဇနီး၊ ပါမောက္ခနှင့်ဇနီး၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော သူငယ်ချင်းများနှင့် မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစောထွင့်-မကေသီလှိုင်။

မဟာမုနိရုပ်ပွားတော် ဒေသစာရီကြွချီ အပူဇော်ခံမည်

ရန်ကုန် ဧပြီ ၂၉

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းက ကြီးမှူးသွန်းလောင်းပြီးဖြစ်သော မဟာမုနိရုပ်ပွားတော်မြတ်သည် ရန်ကုန်တိုင်း အတွင်းရှိ သဒ္ဓါကြည်လင် ပါရမီရှင်များဖူးမြော်ကြည်ညိုရန် မေ၂ရက်တွင် ဗဟန်း၊ တာမွေ၊ ၃ရက်တွင် ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သာကေတ၊ ၄ ရက်တွင် သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ ၅ ရက်တွင် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊၆ရက်တွင်မရမ်းကုန်း၊ လှိုင်၊ ၇ရက်တွင် ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ ၈ရက်တွင် စမ်းချောင်း၊ လမ်းမတော်၊ လသာမြို့နယ်များအတွင်း ညနေ၅နာရီမှ ည၉နာရီအထိ ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၈၁ မကြီးကြီးလမ်း စမ်းချောင်းမြို့နယ်နေ နှစ်ဖက်မိဘများ အမှူးထား၍ ဦးသိန်းအောင်-ဒေါ်ဆွေဆွေဇင်မိသားစုက အက်ဖ်အီးစီ ၃၁၅ ကို စာရင်းစစ် ဦးစန်မင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီး၌ ကင်ဆာနှင့်ကုသမှုဆွေးနွေး

ရန်ကုန် ဧပြီ ၂၉

ရန်ကုန် ကလေးဆေးရုံကြီးသို့ ကလေးကင်ဆာနှင့် ကုသမှုများ (Talks on Oncology) အကြောင်းကို စင်ကာပူနိုင်ငံ KK အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ Dr.Chui Chan Hon(Head&Consultant, Department of Paediatric Surgery)နှင့် Dr.Chan Mei Yoke တို့သည် ဧပြီ၂၄ရက်မှ ၂၆ရက်အထိလာရောက်ဆွေးနွေးကြသည်။ **(ဓပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန် ကလေးဆေးရုံကြီးမှ ပါမောက္ခဒေါက်တာ ထူးဟန်က ဦးဆောင်၍ ဆရာဝန်ကြီးများ၊ ဘွဲ့လွန် သင်တန်းသား ဆရာဝန်များတက်ရောက် ဆွေးနွေးခဲ့ကြပြီး KK Women's and Children's Hospital ၌ တက်ရောက် ကုသလိုသူများသည် အမှတ်၃၂ လသာလမ်း လသာမြို့နယ် ရန်ကုန် ဖုန်း-၃၇၇၉၁၄၊ ၂၈၁၉၁၄ တို့၌ Information Center ဖွင့်လှစ်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကင်းဓမ္မိကဓမ္မာရုံ အောင်စကြာ အရှင်စန္ဒသိရီတရားပွဲ

ရန်ကုန် ဧပြီ ၂၉

ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် ဓမ္မာရုံဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသောတရားပွဲတွင်ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတ အောင်စကြာ မိုးကုတ်ရိပ်သာမှ ပြည်တွင်းပြည်ပ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်စန္ဒသိရီ (ဓမ္မာစရိယ) အရှင်သူမြတ်က မေ၂ရက်မှ၄ရက်အထိ သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လှိုင်သာယာ၌ လေပြင်းတိုက်ခတ်၊ မိုးသည်းထန်စွာရွာသွန်း စက်မှုဇုန်မှစက်ရုံငါးရုံနှင့်လူနေအိမ်ခြေများပျက်စီး

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်အတွင်း ဧပြီ၂၈ရက် ည ၁၀နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်မှုဇုန်မှ စက်ရုံငါးရုံနှင့် လူနေအိမ်ခြေ၂၀၀ကျော် အမိုးအကာများ ပျက်စီးဆုံးရှုံးခဲ့သည်။

ပျက်စီး

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် စက်မှုဇုန်အမှတ်(၃)နှင့်(၄)ရှိ မြန်မာအေပရယ် အထည်ချုပ်စက်ရုံ၊ မြန်မာဆန်နီ ဖိနပ်စက်ရုံ၊ ဝမ်းဒါးပေါင်မုန့်စက်ရုံ၊ ထာဝရစောင်စက်ရုံနှင့် မက်စ်အချိုရည်စက်ရုံတို့၏ အမိုးနှင့်အကာအချို့ ပြိုကျပျက်စီးကာ အမှတ် (၁၅)ရပ်ကွက်၊ အမှတ် (၁၉) ရပ်ကွက်၊ ရွှေလင်ပန်းကျေးရွာနှင့် ကဇင်ကျေးရွာတို့မှ အိမ်ခြေ ၂၀၀ကျော် အမိုးနှင့်အကာများ ပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံးကာ ၂၁ဦးထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိကြသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ ပို့ဆောင်ကုသလျက်ရှိသည်။

ပံ့ပိုးဆောင်ရွက်

အဆိုပါလေပြင်းတိုက်ခတ်မှုဒဏ်ခံရသည့် နေရာများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လေဘေးဒဏ်သင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ လိုအပ်သည်များကို ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၃၅

ကွယ်လွန်သူဦးအက်စ်အာမက်၏ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

တနင်္သာရီတိုင်း၊ ထားဝယ်မြို့၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအက်စ်အာမက်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်း ဦးကျော်ဖဲ(ခ)ဆရက်ဗိုင်နူးအာဗေဒင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရလျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၆ခုနှစ် မေ၁၂ရက်(၁၃၆၈ခုနှစ် ကဆုန်လဆုတ် ၁ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအက်စ်အာမက်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၆ခုနှစ် မေ ၁၂ရက် (၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေ ဆက်ခံခြင်း အက်ဥပဒေပုဒ်မ(၂၈၃)နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်အမှုဆိုင်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက ဆိုခဲ့သောလျှောက်ထားသူ ဦးကျော်ဖဲ(ခ)ဆရက်ဗိုင်နူးအာဗေဒင်း၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၆ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မောင်ကြီး
တွဲဖက်တိုင်းတရားသူကြီး(၃)
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဒ/၄၄၃၉နှင့် ၃ခ/၉၇၃၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်မိတ္တူပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ရန်ကုန်တိုင်း၊ ခရိုင်ရုံး(အရှေ့ပိုင်း)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ရန်ကုန်ခရိုင်ရုံး(အရှေ့ပိုင်း)။**







ဖြူးမြို့နယ် ရွာမကြီးကျေးရွာအနီး လယ်ကွင်းတစ်ခု၌ သောင်းကျန်းသူများ ထောင်ထားခဲ့သည့် မိုင်းတစ်လုံး အပြစ်မဲ့ပြည်သူတစ်ဦးနင်းမိ၍ ပေါက်ကွဲဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးနေပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံသုံး၍ ဆောင်ရွက်လျက်ရှိရာ ဧပြီ၂၅ရက် နံနက်၆နာရီခွဲခန့်တွင် ပဲခူးတိုင်း ဖြူးမြို့နယ် ရွာမကြီးကျေးရွာမှ မောင်ခင်ဝင်း ၁၈နှစ်သည် ကညွတ်ကွင်း-မိဿလင်သွား ကားလမ်းနံဘေး ရွာမကြီးကျေးရွာအနီး၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားခဲ့သည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲသဖြင့် ဝဲဘက်ခြေဖျားများ ပြတ်ထွက်ကာ ဝဲဘက်ခြေသလုံးနှင့် ဒူးခေါင်းတို့၌ မိုင်းစများထိမှန် ဒဏ်ရာရရှိခဲ့သည်။

လိုက်လံရှင်းလင်း

အဆိုပါ မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သူ မောင်ခင်ဝင်းအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သော ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က လိုက်လံရှင်းလင်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု မန္တလေးခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

မြစ်ငယ် ဧပြီ ၂၅

မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သည် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဧပြီ ၂၁ ရက်နံနက် ၉နာရီက အမရပူရမြို့နယ် အရှေ့ခြမ်းရှိ ကျေးရွာအုပ်စုများနှင့် ဌာနဆိုင်ရာများမှ ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းစွာ ပျိုးထောင်စိုက်ပျိုးထားမှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့်အဖွဲ့သည် မြစ်ငယ်တံတား မြောက်ဘက်ထိပ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပျိုးပင်၁၅၀၀၀ အောင်မြင်ဖြစ်ထွန်းစွာ ပျိုးထောင်စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ဆောက်တောဝ ကျေးရွာအုပ်စု၊ တောတွင် ကျေးရွာအုပ်စုနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ ပျိုးခြံများတွင် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ကို မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းက ရန်ကုန်–မန္တလေး ကားလမ်းဘေးနှင့် ကျေးရွာအုပ်စုများရှိ မြေလွတ်မြေရိုင်းများတွင် ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ပျိုးဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (၂၀၉)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်ရန်အတွက် မတ် ၁၂ ရက်က နှစ်ဖက်သော မိဘများအား အမှူးထား၍ မော်လမြိုင်မြို့ အောက်လမ်းမကြီး ရွှေတောင်ရပ်နေ ဦးဝင်းတင်မိသားစုက ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ပင်လည်ဘူး၌ ကျန်းမာရေးအသိပညာပေးဟောပြော

ပင်လည်ဘူး ဧပြီ ၁၆

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၉ရက် မွန်းလွဲ ၁နာရီက မံစီလေးကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေစိုက်စခန်း ခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က အမှာစကားပြောကြားပြီး အမျိုးသမီးများဖြစ်တတ်သော ရောဂါများအကြောင်း ဆက်လက်ပညာပေး ဟောပြောသည်။

ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်အန္တကာ ဗီတာမင်ချို့တဲ့ ရောဂါများအကြောင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်တင်မာက ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ်ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးသွားသော ဗိုလ်ချုပ်လမ်း ဘေး မြေထိန်းကျောက်စီနံရံ ဆောင်ရွက်မှုကို ဧပြီ ၁၂ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးဝင်းကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

စူဠဘွဲ့ နှင်းသဘင်အခမ်းအနား ကလော၌ကျင်းပ

ကလော ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ဧပြီ ၉ ရက် နံနက်က သိမ်တောင် ပရိယတ္တိစာသင်တိုက် (၇၃)ကြိမ်မြောက် စူဠဘွဲ့နှင်း သဘင် အခမ်းအနားကို ကျင်းပသည်။

တက်ရောက်ကြ

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်နှင့် ကြီးကြပ်ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်သာသနာရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်သာသနာရေးဦးစီးဌာနဦးစီးမှူးက စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြလျှောက်ထားပြီး စာအောင်သံဃာများဖြစ်ကြသော ပထမကြီးသုံးပါး၊ ပထမလတ် ၁၅ ပါး၊ ပထမငယ် ၃၄ ပါး စုစုပေါင်းသံဃာတော် ၅၂ ပါးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာအောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းကြသည်။ **(၄၀၈)**

(မြို့နယ် ပြန်/ဆက်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ တနိုင်းမြို့၌ကျင်းပ

တနိုင်း ဧပြီ ၅

တနိုင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက် နံနက် ၉ နာရီက တီဘီ ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစိုင်းထွန်းက ဖတ်ကြားဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရွှေမြို့၌ အဘိုးအဘွားများ ပူဇော်ကန်တော့

ညောင်ရွှေ ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ကြီးကြပ်၍ (၂၈)ကြိမ်မြောက် အဘိုး အဘွားများ ပူဇော်ပွဲကို ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ပုဏ္ဏကစိန်ရတုဆွမ်းစားကျောင်းတွင် ကျင်းပရာ မြို့မ(၈)ရပ်ကွက်ရှိ အသက် (၇၅)နှစ်အထက် အဘိုး ၇၉ ဦးနှင့် အဘွား ၁၄၉ ဦး စုစုပေါင်း ၂၂၈ဦးတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အလှူရှင်များက အလှူပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ **(၀၂၇)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ဟိုမန်းကျေးရွာ သောက်သုံးရေ ဖူလုံရေးအတွက် နှစ်လက်မပိုက်များဖြင့် စိမ့်စမ်းရေသွယ်ယူမှုလုပ်ငန်းကို မတ် ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် ပေါင် မြို့နယ်တွင် ငွေကျပ် သိန်း၅၀၀ ကျော် တန်အလုပ်တိုက်နယ်ဆေးရုံသစ်ကို ဧပြီ ၂ရက် ဖွင့်ပွဲအပြီးတွင် အ လုပ် တိုက်နယ် ဆေးရုံသစ်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရစဉ်။ (၂၆၀)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ တမူး၌ကျင်းပ

တမူး ဧပြီ ၁၀

တမူးခရိုင် တမူးမြို့နယ်၏ တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက ခရိုင်၊မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထိန်က ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ်ဆရာဝန်ဒေါက်တာသိန်းနိုင်မိုးက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများ ဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်၌ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ ပြုစုပျိုးထောင်မှုကို မတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးမျိုးငွေးနှင့် ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁–၅–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၀၅ ဟောပြောချက် (ကျန်းမာသက်ရှည်နေနိုင်စေ) (မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်၏ သဘာဝသကြား အခြေခံ အချိုရည်ထုတ်လုပ်မှုအကြောင်း)

၁၁:၄၀ သုတစုံစွာသိမှတ်စရာ (စိုက်ပျိုးမွေးမြူရေးအကြောင်း–သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၆:၄၀ ထီပေါက်စဉ်

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာတို့၏ သနပ်ခါး–ခင်ဇေ–စက်မှု)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့ (အဆို၊ အက၊ အရေး၊ အတီးဆုရ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စမ်းဆိုင်းအဖွဲ့)

နောင်တရားမြို့၌ ချောင်းကူးအောင်မင်္ဂလာတံတားဖွင့်

နောင်တရား ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားမြို့ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဂန္ဓမာကမကထပြု ဦးစီးပြီး ရပ်ကွက်နှင့်ကျေးရွာများမှ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ပြီးစီးသွားသောအမှတ်(၁)၊(၂)နှင့်(၃)ရပ်ကွက်များကို ဆက်သွယ်ထားသည့် ချောင်းကူး အောင်မင်္ဂလာတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါ တံတားပေါ်၌ ကျင်းပရာ အမှတ် (၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးခွန်လှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ အမှတ်(၁)၊ (၂)၊(၃)ရပ်ကွက်များမှ ပြည်သူများ၊ အလှူရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့် သံဃာတော်များ တက်ရောက်ကြပြီး တံတားအရှည် ပေ ၅၀၊ အကျယ်ပေ ၂၀ ကို ကုန်ကျငွေကျပ် ၅၂ သိန်း ကျော်ဖြင့် ဆောက်လုပ်ခဲ့ကြသည်။ **(၃၆၉)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကြာအင်းဆိပ်ကြီးမြို့ သိပ္ပံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်ငြိမ်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁)ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြ၊ မြို့နယ်ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အမှုဆောင်အရာရှိ ဦးစံလွင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ရေပေးတိုင်ဖွင့်

ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မင်းတပ်မြို့ ပန်းအော့ကျေးရွာ၌ ဆောက်ရွက်သော အများ ပြည်သူသုံး စိမ့်စမ်းရေသွယ် ရေပေးတိုင်ကို ဧပြီ ၁၁ ရက်က အမှုဆောင် အရာရှိဦးအောင်ဆွေ ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် စည်ပင်)

နွားထိုးကြီးမြို့နယ်၌ ကျန်းမာရေးပညာပေးဟောပြော အသင်းဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များရှင်းလင်း

နွားထိုးကြီး ဧပြီ ၅

နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ ကျေးရွာများတွင် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် ညနေ ၃ နာရီက သူစိုးစံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အဆိုပါကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုးက အမှာစကား ပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါ်လဲ့လဲ့မြတ်က ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများအကြောင်း ဟောပြောသည်။

လက်ခံ

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်နွဲ့နွဲ့သန်းက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး သူစိုးကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှပေးအပ်သော အသင်းဝင်လျှောက်လွှာပုံစံ ၁၅၀ ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုးက လက်ခံရယူကြောင်း သိရသည်။ (၂၁၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးညှင်းမြို့၌ မီးဘေးသင့်မိသားစုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ စုပေါင်းလှူဒါန်း

မိုးညှင်း ဧပြီ ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မီးဘေးသင့်ခဲ့သော မိသားစုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ စုပေါင်းလှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၁၀နာရီက စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်တိုးတို့က ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူတို့၏ စုပေါင်းလှူဒါန်းငွေကျပ် ၃၃၀၀၀၀နှင့်ဆန်ငါးတင်းကို မီးဘေးကြုံခဲ့သော အိမ်ထောင်စုခြောက်စုမှ မိသားစုများအား လှူဒါန်းကြသည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မီးဖိုချောင်သုံး ပစ္စည်းနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို အိမ်ထောင်စုအလိုက်ပေးအပ်ကြသည်။

အိုးမဲ့အိမ်မဲ့ဖြစ်

အဆိုပါ မီးဘေးကြုံခဲ့ရသူများမှာ ဧပြီ ၁၃ရက် ည ၈နာရီ မိနစ်၅၀က မိုးညှင်းမြို့ အောင်သပြေ(၃)ရပ်ကွက်နေ ဒေါ်လုတောင်နေအိမ် မီးဖိုဆောင်၌ စတင်လောင်ကျွမ်းရာမှ အိုးမဲ့အိမ်မဲ့များ ဖြစ်ခဲ့ကြရသည်။ (၁၅၂)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီးကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ် ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်နှင့်အဖွဲ့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့အိမ်တော်ရာ အရန်မီးသတ်စခန်းကို ဧပြီ ၁၁ ရက်က စစ်ဆေးရာ စခန်းတပ်စုမှူး ဦးမြင့်အောင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းပြစဉ်။ (၁၆၂)

နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးအောင်မိုးအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် သံသုမာလမ်း မြန်မာ့ဂုဏ်ရောင်ကွန်ဒို အခန်း ၅၀/အိပ်ချ်နေ ဒေါ်စန်းစန်းရီ (ပါမောက္ခ ပထဝီဝင်ဌာန)သား မောင်မောက် (ဘားအံတက္ကသိုလ်)- မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒ္ဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ရွှေစီးကွက်)နှင့် တွဲဖက် ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင်တို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သက်ကြီးပူဇော်ကန်တော့ပွဲ အင်းတော်၌ကျင်းပ

အင်းတော် ဧပြီ ၂၃

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကန်တော့ခံ အဘိုးအဘွားများ တက်ရောက်ကြသည်။

လှူဒါန်း

ပူဇော်ကန်တော့ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ပူဇော်ကန်တော့ရခြင်းကို ရှင်းလင်းပြောကြားပြီး အဘိုး အဘွားတစ်ဦးချင်းစီအား ကန်တော့ငွေများနှင့် ကန်တော့ပစ္စည်းများကိုလှူဒါန်းကြကြောင်း သိရသည်။ **(၁၃၃)**

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၆ခုနှစ် မေလ ၁ ရက် (တနင်္လာနေ့)သည် အလုပ်သမားနေ့အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

ကိုတင်ထွဋ် ၁၂/ဥကတ(နိုင်) ၀၆၀၇၅၅ နှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ဆီအုန်းလမ်း၊ အမှတ် ၄၀၃နေ ဒေါ်သိန်းညွန့်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်သိန်းညွန့် ၁၂/ဥကတ(နိုင်) ၀၆၀၈၅၃ က တူဖြစ်သူကိုတင်ထွဋ် ၁၂/ဥကတ(နိုင်)၀၆၀၇၅၅သို့ လွှဲအပ်ခဲ့သည့် ၂၄–၇–၂၀၀၃ ရက်စွဲပါ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၄၆၄၃/၂၀၀၃) အား လည်းကောင်း၊ တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပတ်ဘလစ် ဦးစိန်လင်း၏ရှေ့တွင် လွှဲအပ်ခဲ့သည့် အထွေထွေ ကိုယ်စားလှယ်စာအမှတ် (၆၄၃၂/၂၀၀၃) ၂၄–၇–၂၀၀၃ကိုလည်းကောင်း ဤကြော်ငြာသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်၍ ဒေါ်သိန်းညွန့်၏ကိုယ်စား မည်သည့်ကိစ္စမျှ ဆောင်ရွက်ခွင့်မရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။)

ဒေါ်သိန်းညွန့်၏ ညွှန်ကြားချက်အရ–ဦးတင်မောင်ကြီးဘီအေ၊ အာရ်အယ်လ် တရားရုံးချုပ်ရှေ့နေ(၁၈၁၇) ၂၈၊ (၄–လွှာ) ၃၅ လမ်း၊ ရန်ကုန်မြို့။

နေ့ရာသီသစ်သီးအလှပြုပြင်မှု သင်တန်းဖွင့်မည်

ဝါရင့် သင်တန်းနည်းပြ ဒေါ်ဌေးဌေးဝင်း ဦးစီးဖွင့်လှစ်သည့် 'အင်း၀' သစ်သီးအလှပြုပြင်မှုသင်တန်းကို အမှတ်၁၈၉၊ ပင်လုံလမ်းမကြီး၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ကျောင်းလမ်းမှတ်တိုင် အနီး)တွင် မေလ ၁ ရက်နေ့၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း–၅၇၉၈၇၃၊ ၅၆၁၄၉၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့ ပင်လုံ (၁၄)နေ ဦးအောင်သန်း–ဒေါ်ခင်ဝင်းဆွေတို့၏သား မောင်မြင့်သန်းဦး(ခ) မောင်မင်းသိန်း ၅/ကလထ(နိုင်)၀၅၄၀၇၅ သည် မိဘ၊ ညီ၊ ညီမများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စများကို **လုံး၀** တာဝန်မယူပါ။)

မိဘ–မောင်နှမများ။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတိုးချဲ့ဆောင်အလှူရှင်များ

[illegible]	၂၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/
[illegible]	၁၀၀၀၀၀ိ/

[illegible]

မြစ်ကြီးနားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်

မြစ်ကြီးနား ဧပြီ ၅

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၂ရက်က မြစ်ကြီးနားမြို့ ပညာရေးကောလိပ် ဉာဏ်စစ်သည်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကို ဟောပြောပြီး အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်စုမေက လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို လည်းကောင်း၊မြို့နယ် တရားသူကြီး ဦးညိုထွန်းက လူကုန်ကူးမှုနှင့်ပတ်သက်၍ တရားစီရင်ရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောကြသည်။

လက်ခံရယူ

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၃၇စောင်ကို မြစ်ကြီးနား ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်စဝ်သန်းကြည်က ပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများရှိ လမ်းဘေးဝဲယာများတွင် ကြက်ဆူပင် ၈၆၇၀၀ စိုက်ပျိုးရန်လျာထားခဲ့ရာ အဖွဲ့ရုံးအတွင်းရှိ ပျိုးခြံတွင် ကိုင်းပျိုးပြီး အပင် ၂၄၀၀၀ နှင့် အစေ့ပျိုးထောင်ပြီး အပင်၃၇၀၀၀ ပြီးစီးမှုကို ဧပြီ ၄ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (၄၀၂)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ အရာတော်မြို့၌ ကျင်းပ

အရာတော် ဧပြီ ၁၅

မုံရွာခရိုင်အရာတော်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်လျက်ရှိရာ ဧပြီ ၃ရက်က နောင်ကြီး အိုင်ကျေးရွာ ရွှေကြာအိုင်စာကြည့်တိုက်တွင် ကျင်းပရာ အုပ်စုအတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက်ကော်မတီဝင်များ၊ စာပေဝါသနာရှင်များအား မြို့နယ် ဦးစီးမှူးဦးဆန်းမြင့်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပြီး စာကြည့်တိုက်လက်ထောက်(၃) ဦးတင့်ဝေက စာကြည့်တိုက်ပညာရပ်များ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ဆူပင်ရေလောင်း

မြောက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ပိုင် မြေကွက်တွင် စိုက်ပျိုးပြီးစီးသော ကြက်ဆူပင် ရေလောင်းပွဲကို ဧပြီ၅ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်ဦးနှင့် အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်တို့ ကြီးကြပ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ **မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။**

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဝန်ထမ်းအိမ်ရာဆောက်လုပ်

ခရမ်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅– ၂၀၀၆ ခု ဘဏ္ဍာရေး နှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခြောက်ခန်းတွဲဝန်ထမ်း အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ဧပြီ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးချစ်သက်ဇော်တို့ ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာ ဦးအောင်ကျော်စိုးက ရှင်းလင်းစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုသရုပ်ပြ

ရမည်းသင်း ဧပြီ ၁၅

ရမည်းသင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်မှု သရုပ်ပြပွဲကို ဧပြီ၇ရက် မွန်းလွဲ၁နာရီက အဆိုပါ ဈေးအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ပက်ဖျန်းခြင်းနှင့် မီးလောင်မှုများကို ဓာတုဗေဒပါ ပေါင်ဒါမှုန့်နှင့် မီးသတ်ဆေးဘူးများအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသကြကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး ဆုံးဖြတ်ချက်၊ အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်(မူကြမ်း)များ ချမှတ်အတည်ပြု

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ဧပြီ ၂၈ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြီး အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ပြည်နယ်နှင့်တိုင်းများအလိုက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ်အတွက် **"မနောမြေမှ ပြုံးပန်းတစ်ရာ ဝေဆာပွင့်ဖူးတို့ကြည်နူး"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်မြင့်ကလည်းကောင်း၊ ကယားပြည်နယ်အတွက် **"ငါးနှစ်အောက်ကလေးများ ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်နှင့် အိပ်သည့်အမူအကျင့် လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူးကိုယ်စား

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လုပ်ရှားမှု ထူးချွန်ဆုချီးမြှင့်

ဧပြီ ၂၉ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၅ခုနှစ် လှုပ်ရှားမှုထူးချွန်ဆု ဒုတိယဆု ရရှိသည့် ကချင်ပြည်နယ်အား ဆုချီးမြှင့်စဉ်။

(သတင်း-၃)(သတင်းစဉ်)

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၃၀ ရက်) ၌ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

NLD ပါတီသည် မူလမျှော်မှန်းထားချက်နှင့်ဆန့်ကျင် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုရှိနေကာ ပြည်ပကိုသာအားကိုးနေသည့်အတွက် သိန္နီမြို့နယ် NLD ရုံးကို ပိတ်သိမ်းပြီး ပါတီဝင်အားလုံးနုတ်ထွက်

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်လှ (ဥက္ကဋ္ဌ ကောင်းဟော်ရွာ သိန္နီမြို့နယ်)၊ ဦးစိုင်းဘအေး (ဒုတိယ ဥက္ကဋ္ဌ(၂)၊ ကောင်းဟော်ရွာ သိန္နီမြို့နယ်)၊ ဦးစိုင်းလှကျော် (အတွင်းရေးမှူး၊ ရပ်ကွက်(၁) သိန္နီမြို့)၊ ဦးမင်းနိုင်(တွဲဖက်အတွင်းရေးမှူး ရပ်ကွက်(၃) သိန္နီမြို့)၊ ဒေါ်လရှီးရွှယ်နူး(ဘဏ္ဍာရေးမှူး၊ ရပ်ကွက်(၃) သိန္နီမြို့)၊ ဦးအောင်ကျော်ဦး (အဖွဲ့ဝင်၊ ကောင်းဟော်ရွာ သိန္နီမြို့နယ်)၊ ဦးဇော်ရင် (အဖွဲ့ဝင်၊ ရပ်ကွက်(၄) သိန္နီမြို့)နှင့်ဒေါ်နန်းခင်ဌေးနွယ် (အဖွဲ့ဝင်၊ ကောင်းဟော်ရွာ သိန္နီမြို့နယ်)တို့ ရှစ်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ အပြီးအပိုင် နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက်နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုးကာ ဧပြီ၂၃ရက်တွင် သိန္နီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

NLD ပါတီသည် နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှုကို မသိကျိုးကျွန်ပြု ပြည်သူလူထုနှင့်ကင်းကွာပြီး သီးခြားလူတန်းစားတစ်ရပ်အသွင်ဖြစ်နေ လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များနုတ်ထွက်

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးသန်းထွန်း [ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်းရုံးရေးမှူး၊ ဒုတိယဥက္ကဋ္ဌ(၂) လားရှိုးမြို့]၊ ဦးသောင်းလွင် (မြို့နယ်စည်းရုံးရေးမှူး၊ လားရှိုးမြို့)၊ ဦးစိုးငြိမ်း(အဖွဲ့ဝင်၊ လားရှိုးမြို့)၊ ဦးစိုင်းခေးလိန်(အဖွဲ့ဝင် လားရှိုးမြို့)၊ ဦးလှရွှေ(အဖွဲ့ဝင် လားရှိုးမြို့)၊ ဦးချစ်လွင်(အဖွဲ့ဝင် လားရှိုးမြို့)၊ဦးသန်းလွင်(အဖွဲ့ဝင်၊ လားရှိုးမြို့)၊ ဦးစိုင်းမောင်ကျန်(အဖွဲ့ဝင်၊ဟန်နားကျေးရွာ လားရှိုးမြို့) နှင့် ဦးတင်ဝ(အဖွဲ့ဝင်၊ နောင်မွန်ကျေးရွာ လားရှိုးမြို့)တို့ ကိုးဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများရေးသားပြီး စုပေါင်းလက်မှတ်ရေးထိုးကာ ဧပြီ၂၇ရက်တွင် မြို့နယ်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး(လားရှိုးမြို့)သို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်းသိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✢



ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် တစ်ပြည်လုံးမိုးထစ်ချုန်းရွာ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဧပြီ ၂၉

ယနေ့ မြန်မာစံတော်ချိန် ညနေ၃နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မာလာသည် အရှေ့မြောက်ဘက်သို့ရွေ့လျားကာ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းကို ဂွမြို့အနီးမှဖြတ်ကျော် ဝင်ရောက်ခဲ့ပြီး အားပျော့သွားကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။

အဆိုပါ မုန်တိုင်း၏အရှိန်ကြောင့် တစ်ပြည်လုံးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)